# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday, 10 October 2025 ၁၁၉၆၆


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ကြေးမုံ

# လူငယ်များစာရိတ္တမဏ္ဍိုင်ခိုင်မာမြဲမြံရေး နိုင်ငံတစ်ဝန်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးတစ်ယောက်အတွက် အသက်ဝိညာဉ်ဖြစ်သည်။ စာရိတ္တကောင်းမွန်သောသူသည် လူကောင်းလူမွန်ဖြစ်၍ မိသားစုနှင့် နိုင်ငံတော်က အားထားရမည့်သူဖြစ်သည်။ စာရိတ္တယိုယွင်းသူသည် လူဆိုးလူသွမ်းဖြစ်၍ မိသားစုကိုသာမက အများပြည်သူကို အနှောင့်အယှက်ပေးနိုင်သူ၊ နိုင်ငံတော်ကို အန္တရာယ်ပြုနိုင်သူဖြစ်သည်။ ထို့ကြောင့် စာရိတ္တကောင်းမွန်သူဖြစ်စေရေး ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက မိဘဆရာသမားများက ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

လူငယ်လူရွယ်တစ်ဦးချင်းစီအနေဖြင့် ပြုစုပျိုးထောင်ရမည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတည်းဟူသော ဗလငါးတန်တို့တွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံးနှင့် အရေးအကြီးဆုံးမဏ္ဍိုင်ဖြစ်သည်။ လက်ချောင်းငါးချောင်းတွင် လက်ခလယ်သည် အမြင့်ဆုံးဖြစ်သကဲ့သို့ လက်ခလယ်နှင့်တူသော စာရိတ္တမဏ္ဍိုင် မြင့်မားခြင်းနှင့်အတူ အခြားမဏ္ဍိုင်တို့သည်လည်း အားကောင်းပြီး နိုင်ငံအကျိုးကို ပြုနိုင်ပေမည်။ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်အားနည်းနေလျှင် ကျန်ဗလလေးတန်တို့ ခွန်အားယုတ်လျော့ပြီး မကောင်းမှုဒုစရိုက်နှင့် အဖျက်လုပ်ရပ်ဆီသို့ ဦးတည်သွားကြပေလိမ့်မည်။

ယနေ့လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်ကို လွှဲပြောင်းတာဝန်ယူကြမည့်သူများဖြစ်၍ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရန် အထူးလိုအပ်သည်။ နိုင်ငံတော်က မျှော်လင့်နေသော နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်မြောက်လာရေးအတွက် ကျောင်းသား ကျောင်းသူ ကလေးသူငယ်အရွယ်မှစ၍ အသိပညာ၊ အတတ်ပညာများကို ဆည်းပူးရင်း စာရိတ္တမဏ္ဍိုင် မြင့်မားတိုးတက်လာအောင် ကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်သည်။ လူငယ်တိုင်း စာရိတ္တတန်ဖိုးကိုသိမြင်ကာ စာရိတ္တကို ချစ်မြတ်နိုး၍ စာရိတ္တကောင်းခြင်းဂုဏ်နှင့် ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့လူငယ်လူရွယ်များသည် မင်္ဂလာတရားတော်များကို လိုက်နာကျင့်ကြံရ ကောင်းမှန်း မသိကြတော့ပေ။ မြန်မာတို့၏ ကောင်းမြတ်သောယဉ်ကျေးမှုတို့ကို မသိကြသောအခါ၊ တိုင်းတစ်ပါးမှ မြန်မာ့ယဉ်ကျေးမှုနှင့်မဆီလျော်သည့် အပြုအမူ အသိအမြင်များ၊ နည်းပညာ၊ အနုပညာလွှမ်းမိုးမှုများ ထိုးဖောက်ဝင်ရောက်လာသောအခါ ဟီရိသြတ္တပ္ပကင်းမဲ့သော ဝတ်စားဆင်ယင်မှုမှအစ အပြုအမူအပြောအဆို လုပ်ကိုင်ဆောင်ရွက်မှုများ လူငယ်များ၏ သဘာဝအရ တုပပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် နည်းပညာတိုးတက်လာမှုနှင့်အတူ လွှမ်းမိုးထိုးဖောက်လာသော စရိုက်လက္ခဏာဆိုးများ လူငယ်လူရွယ်များကြားတွင် ထိုးဖောက်လာသောအခါ တိုင်းပြည်အတွင်းပင် အန္တရာယ်ရှိသောအခြေအနေများ ပေါ်ပေါက်လာနိုင်သည်။

ယနေ့အခါကာလတွင် လမ်းမှားရောက်သွားကြသော အသက်မပြည့်သေးသည့် လူငယ်လူရွယ်များသည်ပင် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းနှင့် မကောင်းမှုဒုစရိုက်များ ကျူးလွန်လာကြသည်ကို တွေ့ရသည်။ သူတစ်ပါး၏ အသက်အိုးအိမ်ကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက်လုယူခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာပြုကျင့်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သယ်ဆောင်ခြင်းစသည့် တရားဥပဒေချိုးဖောက်သည့် ဒုစရိုက်မှုများကို ကျူးလွန်လာကြသည်။ ဤဒုစရိုက်မှုများသည် နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကို ပျက်ပြားစေပြီး နိုင်ငံတော်၏အကျိုးကို ဆုတ်ယုတ်စေသည်။ ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးရေးအတွက် ပြည်သူအပေါင်းတို့သည် မင်းမဲ့စရိုက်များကိုရှောင်ရှား၍ မကောင်းမှု ဒုစရိုက်မှု မှန်သမျှတို့ကို တားဆီးကာကွယ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးတို့ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများက ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးလျက်ရှိသည့်နည်းတူ မကောင်းမှုဒုစရိုက်အမှုများကို အကောင်းဆုံးကာကွယ်တားဆီးပေးနိုင်သည့်နည်းလမ်းဖြစ်သည့် ကလေးသူငယ် လူငယ်လူရွယ်များ စာရိတ္တမပျက်ယွင်းစေရေးအတွက် လူငယ်များ၏နှလုံးသည်းပွတ်များတွင် ဘာသာတရား၏ အဆုံးအမများ ကိန်းဝပ်လာအောင် နုစဉ်ကပင် လုပ်ဆောင်ပေးရန်လိုအပ်သည်။ နိုင်ငံတော်အတွက် အလွန်အရေးကြီးသော ဤလိုအပ်ချက်များကို မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာတို့က လမ်းပြဆောင်ကြဉ်းပေးကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုယ်ကျင့်တရားနှင့် စာရိတ္တပျက်ပြားစေသည့် မကောင်းမှုဒုစရိုက်များ လျော့နည်းပပျောက်စေရန်အတွက် ကျူးလွန်သူများကို အာဏာစက်ဖြင့် တားဆီးနှိမ်နင်းရမည်ဖြစ်သလို လိမ္မာရေးခြား ဓမ္မတရားများ နိုင်ငံတစ်ဝန်းတွင် လွှမ်းခြုံနိုင်ရေး၊ စာရိတ္တမဏ္ဍိုင်ပြဋ္ဌာန်းချက်များ အခြေခံပညာအဆင့်တွင် ထုံမွမ်းနေစေရေး၊ ကိုယ်ကျင့်တရားနှင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ မြန်မာ့အသိုက်အဝန်းများကြားတွင် ကျယ်ပြန့်စွာ စိမ့်ဝင်နေစေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံးတို့က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် အောက်တိုဘာ ၉

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဝတ္ထုတို ပေါင်းချုပ်၊ ပထမဆုရ "တက္ကသိုလ်မြမ္မာ" ရေးသားသည့် "ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၃၈၁ ၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၉

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မ ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ၉ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၈,၀၀၀ | ၂,၃၆၃ | ၁၈,၈၂၄,၉၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၁,၃၂၀ | ၄,၄၈၈,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃ | ၂၃,၇၀၀ |
| FPB | ၂,၆၀၀ | ၂,၆၀၀ | ၄၀ | ၁၀၄,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၅၀ | ၁,၅၁၂,၅၀၀ |
| EFR | ၁,၉၀၀ | ၂,၀၀၀ | ၃,၈၇၃ | ၇,၅၇၈,၇၀၀ |
| AMATA | ၃,၃၀၀ | ၃,၃၅၀ | ၁၅၈ | ၅၂၁,၉၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၅၀ | ၃၀ | ၁၀၂,၅၀၀ |
| MADPL(PLB) | ၂,၈၀၀ | ၂,၇၅၀ | ၄၀ | ၁၁၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km


နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan အား လက်ခံတွေ့ဆုံစဉ်။

❒ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Tan Sri Othman Hashim နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်နေမှုများအား တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်စေရန် အကြံပြုပြောကြားလိုပါကြောင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုလည်း စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ဦးစွာဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ လာရောက်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ်ကပင် စတင်အသိပေးပြောကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရသဘောထားကွဲလွဲသူများ၊ နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ချိန်ရရှိအောင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကိုလည်း ဥပဒေနှင့်အညီဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ဥပဒေနှင့်ကိုက်ညီသည့် နိုင်ငံရေးပါတီ ၅၇ ပါတီဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်ရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသူများကိုလည်း နိုင်ငံရေးလမ်းကြောင်းပေါ်တွင်ပါဝင်လာနိုင်ရေးအတွက် သုံးကြိမ်ဖိတ်ခေါ်ခဲ့ကြောင်း၊ ယခုလ ၁၅ ရက်နေ့တွင် NCA နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှခေါင်းဆောင်များ၊ NCA လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်အချို့နှင့် နိုင်ငံတကာမှ အသိသက်သေများ တက်ရောက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**☆ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးခြင်းများဆောင်ရွက်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနား တက်ရောက်



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၃၄) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၁) MICC- 1 ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက် သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံ အုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီး များနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

**ပြည်သူတစ်ရပ်လုံးကျန်းမာပြီး သက်တမ်းရှည်စွာ နေနိုင်ရေး ဦးစားပေးဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း က မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် (၆၀ ရာခိုင်နှုန်း)ကျော်သည် မိခင်နှင့် ကလေးများဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးများ သေနှုန်းသည် နိုင်ငံတော်၏ အရေးကြီးသည့် ကျန်းမာရေး အညွှန်းကိန်းတစ်ခု ဖြစ်ပါကြောင်း၊ မိခင်နှင့်ကလေး သေဆုံးမှုနှုန်းကို လျှော့ချနိုင်သည် နှင့်အတူ မိမိတို့နိုင်ငံ၏ မျှော်မှန်း လူ့သက်တမ်းသည်လည်း မြင့်မား လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့် ကလေးကျန်းမာရေးကိစ္စ၊ ပြည်သူ တစ်ရပ်လုံးကျန်းမာပြီးသက်တမ်း ရှည်စွာ နေနိုင်ရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စ ရပ်များအဖြစ် လမ်းညွှန်ထားရှိ ပါကြောင်း။

❖ **မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် (၆၀ ရာခိုင်နှုန်း)ကျော်သည် မိခင်နှင့် ကလေးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများ သေနှုန်းသည် နိုင်ငံတော်၏ အရေးကြီးသည့် ကျန်းမာရေးအညွှန်းကိန်းတစ်ခုဖြစ်**

❖ **မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်နှင့်အတူ မိမိတို့နိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းသည်လည်း မြင့်မားလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့် ကလေးကျန်းမာရေးကိစ္စ၊ ပြည်သူတစ်ရပ်လုံးကျန်းမာပြီး သက်တမ်းရှည်စွာနေနိုင်ရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအဖြစ်လမ်းညွှန်ထား**

**အသိပညာ၊ အတတ်ပညာ များကို လေ့လာဆည်းပူး**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မေတ္တာ စမ်းရေဆေးခန်း အပါအဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သားဖွားခန်း များဖွင့်လှစ်ပြီး ကိုယ်ဝန်ဆောင် မိခင်များကို စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားပေး ခြင်း၊ မွေးပြီးမိခင်စောင့်ရှောက် ခြင်းနှင့် သားဆက်ခြားလုပ်ငန်း များကို ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ခံယူသူများကို ကိုယ်ဝန်လေးလ မှစ၍ လစဉ်အာဟာရယူနစ် နှင့် ကိုယ်ဝန်ဆောင်အားဆေးများ ထောက်ပံ့ပေးခြင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများ ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံ တကာ ဆက်ဆံရေးများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက် နေသည့် အသိပညာ၊ အတတ် ပညာများကို လေ့လာဆည်းပူးပြီး ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ် ဌာန၊ မိတ်ဖက်အဖွဲ့အစည်းများ ဖြင့် လက်တွဲညီညီလျှောက်လှမ်း နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြား သည်။

စာမျက်နှာ ၅ သို့ ✧



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ကို ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ၏ ဇနီး ဒေါ်သန်းသန်းနွယ် ပညာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူး တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို ဆုပေးအပ်ချီးမြှင့် စဉ်။

✧စာမျက်နှာ ၄ မှ

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးစသည့် ကဏ္ဍကြီး(၄)ရပ် လှုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများ ချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှုက ကျန်းမာရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို ဆုများ ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ပညာရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူမှုရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စန်းစန်းမြင့်အောင်က စီးပွားရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် နေပြည်တော်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



## ကာကွယ်ဆေးများ တိုက်ကျွေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှု (၅)နှစ်အောက် ကလေးငယ်များအား အမီလိုက် ကာကွယ်ဆေးများ တိုက်ကျွေးပေးစဉ်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဂုဏ်ထူးဆောင် နာယက နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ ဇနီး ဒေါ်သန်းသန်းနွယ် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများ ပေးအပ်စဉ်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှုသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှုသည် ကိုယ်ဝန်ဆောင် မိခင်များကို အာဟာရဖြစ်စေမည့် အစားအစာများ ထောက်ပံ့ပေးပြီး (၅) နှစ်အောက် ကလေးငယ်များအား အမီလိုက် ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၃၄) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စန်းစန်းမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို လည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၃ - ၂၀၂၄ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၄ - ၂၀၂၅ ရသုံးမှန်းခြေ စာရင်းကိုလည်းကောင်း ဖတ်ကြား တင်သွင်းကြသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၄ ခုနှစ် နှစ်ချုပ် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက အကြံပြုချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်း လူမှုရေးကဏ္ဍလှုပ်ရှားမှုအတွက် တတိယဆုရရှိသည့် ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင် စီးပွားရေးကဏ္ဍလှုပ်ရှားမှုအတွက် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို ဆုပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dato' Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ် (၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**အပြန်အလှန်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပါအဝင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ NCA စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**



အာဆီယံ အလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan သည် မြန်မာနိုင်ငံ နေပြည်တော်သို့ ယနေ့တွင် အလုပ်သဘောခရီးစဉ် လာရောက်သည်။

ခရီးစဉ်အတွင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ Jasmine Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးနေမှုများ၊ စစ်မှန်ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ အာဆီယံ ထုတ်ပြန်ကြေညာချက်(အာဆီယံတူညီဆန္ဒ) ငါးချက် အကောင်အထည် ဖော်ရာတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများအတွက် အိမ်နီးချင်းနိုင်ငံများနှင့် သာမက ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ငလျင်အားပြင်းလှုပ် ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် ငလျင်ဘေးသင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ ပါဝင်သည့် သုံးပွင့်ဆိုင်ပင်မအဖွဲ့ (Tripartite Core Group) ဖွဲ့စည်းရေးကိုလည်း ထည့်သွင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံ၏ကြိုးပမ်းအားထုတ်မှုများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများတွင် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ၊ အဖွဲ့ဝင်ဖြစ်ချိန်မှစတင်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများကို မပျက်မကွက် ထမ်းရွက်ခဲ့မှုများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး လက်ရှိအခြေအနေအရ မြန်မာနိုင်ငံအပေါ် ခွဲခြားချန်လှပ်ခြင်းများသည် သင့်လျော်မှုမရှိကြောင်း ထောက်ပြကာ အာဆီယံ၌ မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိစေရေး တိုက်တွန်းဆွေးနွေးသည်။

ယင်းနောက် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားမှုများကို သိရှိမှတ်သားရကြောင်း၊ ၎င်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများကို တတ်စွမ်းသည့် တစ်ထောင့်တစ်နေရာမှ ကူညီပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ ပင်မအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အာဆီယံ ထုတ်ပြန်ကြေညာချက် (အာဆီယံတူညီဆန္ဒ) ငါးချက် အကောင်အထည်ဖော်မှုတွင် ပိုမိုကောင်းမွန်သောရလဒ်များ ရရှိစေရေးအတွက် မြန်မာနိုင်ငံက ဦးဆောင်သည့် မြန်မာ့ ကိုယ်ပိုင်နည်းလမ်းဖြင့် ဆောင်ရွက်မှုများကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ပိုမိုထိတွေ့ ဆက်ဆံကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေး သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အစည်းအဝေးမတိုင်မီတွင် Jasmine Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တာချီလိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း) တာဝန်ခံ ဦးမျိုးမောင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အတွင်းရေးမှူး၊ တာချီလိတ်ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တာချီလိတ်ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့်ဌာနဆိုင်ရာများ မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နည်းပညာ အထောက်အကူပြု အဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည့် အခြေအနေများ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ဖြန့်ခွဲထားရှိမှုနှင့် သတ်မှတ်လျာထားရက်အတွင်း မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ခရိုင်/မြို့နယ်အလိုက် ကြီးကြပ်မှုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် မဲရုံမှူး မဲရုံအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များကို စုဖွဲ့သင်တန်းပေးလေ့ကျင့်ရမည့် အခြေအနေများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) တွင် တပ်ဆင်အသုံးပြုရမည့် ဘက်ထရီများ အားသွင်းမှု နည်းမှန်လမ်းမှန်စွာ ဆောင်ရွက်ရမည့် အခြေအနေများ၊ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပ ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများကို ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ စီစဉ်မှုဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့်များ မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစ၍ တစ်နိုင်ငံလုံး ကပ်ထား ကြေညာထားပြီး မဲဆန္ဒရှင် စာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ ၃၊ ပုံစံ ၃ (က) များဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ လျှောက်ထားနိုင်သည့်အခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးမှုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ပုံစံ ၁၅ ဖြင့် နိုင်ငံပြင်ပရောက်ကြိုတင်ဆန္ဒမဲ လက်မှတ်တောင်းခံမှုနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ချပြရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် စာရင်းဇယားအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ





**နေပြည်တော် အောက်တိုဘာ ၉**

(၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယ ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယခုနှစ် အခမ်းအနားအတွက် ဆောင်ပုဒ်ကို #POSTFORPEOPLE: Local Service. Global Reach. (ပြည်သူများအတွက် စာပို့တိုက်- ပြည်တွင်း ဝန်ဆောင်မှုမှသည် ကမ္ဘာတစ်ဝန်းဆီ)ဟု ယူပီယူမှ ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် ပြည်သူလူထုအတွက် မြို့ပြမှ ကျေးလက် တောရွာမကျန် စာပို့တိုက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းမှ တစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ချိတ်ဆက်မှုအတွက် စာပို့တိုက် ဝန်ဆောင်မှုကဏ္ဍသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေသည်ကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် နိုင်ငံတော်နှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် မျှော်မှန်းလမ်းညွှန်ချက်တစ်ခုလည်းဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့၏ ဆောင်ပုဒ်သည် မြန်မာ့စာတိုက်လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သည့် "လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone)" နှင့် ကိုက်ညီလျက်ရှိနေကြောင်း၊ ယူပီယူ၏ State of the Postal Sector 2024 အစီရင်ခံစာတွင် စာပို့တိုက်လုပ်ငန်းများအနေဖြင့် သမားရိုးကျ စာပို့တိုက်ဝန်ဆောင်မှုများအပေါ်တွင်သာ မှီခိုအားထားနေခြင်းမပြုဘဲ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုဆောင်ရွက်၍ ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာဈေးကွက်သို့ အောင်မြင်စွာချိတ်ဆက်နိုင်မှသာ အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်ရှင်သန်ဦးမော့လာနိုင်မည် ဖြစ်ကြောင်းနှင့် မကြာသေးမီက ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(ယူပီယူ)ကွန်ဂရက်မှ ချမှတ်ဆောင်ရွက်ခဲ့သည့် Development Strategy များ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာတိုးတက်မှုများကို စာပို့တိုက်ကဏ္ဍကြီးကြပ်ဆောင်ရွက်သူ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍ ပြန်လည်ဦးမော့လာနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip များကို ပြသသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် (၅၄)ကြိမ်မြောက် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ မဝင်းလဲ့ရွှေရည်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်မှ မနှင်းအိရွှေရည်၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ မောင်ဇော်သူရနှင့် အထူးဆုရရှိသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ မမိုးပြည့်စုံကြွယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် ပြခန်းတွင် ခင်းကျင်းပြသထားသည့် စာပို့တိုက်လုပ်ငန်းများ ကာလအလိုက် အဆင့်ဆင့် တိုးတက် ပြောင်းလဲလာခြင်း ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာပစ္စည်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဘားအံမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်ပေး

**ဘားအံ အောက်တိုဘာ ၉**

၂၀၂၅ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာပြည်သူများ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ခြင်းကို ယမန်နေ့က ဘားအံမြို့ အမှတ်(၁)ရပ်ကွက်၌ ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်၊ မြဝတီ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများက ဘားအံမြို့ အမှတ်(၁)ရပ်ကွက်တွင် ခေတ္တရောက်ရှိနေထိုင်သော တိုက်ပွဲရှောင်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ကံမမြို့နယ် ကြို့ပင်ကျေးရွာအတွင်းရှိ လူနေအိမ် ၁၅၀ မီးဘေးလုံခြုံရေးအတွက် အောက်တိုဘာ ၈ ရက်တွင် ကြို့ပင်နယ်မြေမီးသတ်စခန်းမှူးတပ်ကြပ်ကြီး ကျော်မင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေးခဲ့ကြစဉ်။ လင်းခန့်

## သာတူညီမျှမှုရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိ





**နေပြည်တော် အောက်တိုဘာ ၉**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)နှင့် (၂၀၂၁-၂၀၃၀)အရ "ကျောင်းများနှင့် ပညာသင်ယူရာဌာန အားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေး" ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကိုချမှတ်ကာ သာတူညီမျှမှုရှိပြီး အရည်အသွေး ပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁နာရီတွင် ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ ဆရာများအတွက် သာတူညီမျှမှုကို အခြေခံသော ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့် (ဗဟိုအဆင့်) နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဆရာ ဆရာမများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ် ကလေးအားလုံး အရည်အသွေးပြည့်ဝသော အခြေခံပညာ သင်ယူမှု အခွင့်အလမ်းများကို သာတူညီမျှရရှိရေးနှင့် ဆရာများ၏ အရည်အသွေး မြင့်မားရေးတို့သည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် သင်ကြားသင်ယူမှုနှင့် စပ်လျဉ်းသည့် ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် ပညာရပ်ဗဟုသုတများ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများ၊ သင်ကြားမှု နည်းလမ်းများ၊ ကိုယ်ရည်ကိုယ်သွေးများ၊ လုပ်ငန်းခွင် အရည်အသွေးများ တိုးတက်ကောင်းမွန်နေစေရေး အစဉ်လေ့လာ သင်ယူနေကြရမည်ဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းတွင် ဆွေးနွေးပို့ချလိုက်သည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ပေါင်းစပ်ပြီး အတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

အဆိုပါ နည်းပြသင်တန်း ပထမအသုတ်ကို နေပြည်တော် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၈ ရက်မှ ၉ ရက်အထိ ပို့ချလျက်ရှိရာ အခြေခံပညာ ဦးစီးဌာနမှ အရာထမ်းများက နည်းပြများအဖြစ် ဦးဆောင်ဆွေးနွေးပို့ချလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ် ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၁၂၂ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်း ဒုတိယအသုတ်ကို အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဆက်လက်ပို့ချသွားမည်ဖြစ်ရာ မူလတန်းကျောင်းအုပ် ဆရာ ဆရာမ ၁၂၂ဦး တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပလေ့လာရေးခရီး သွားရောက်မည့် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ပြည်ပခရီးသွားရောက်ရာတွင် ကြိုတင်ပြင်ဆင် လေ့လာထားရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့၏ တပ်ဖွဲ့ဖွဲ့စည်းခြင်း (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် ဂုဏ်ပြုချီးမြှင့်သည်။



**တက်ရောက်**

အခမ်းအနားသို့ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နယ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး နိုင်ငံတော်၏ မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်း အကျိုးစီးပွားများ၊ ပင်လယ်ပြာ စီးပွားရေး လုပ်ငန်းများကို ကာကွယ် စောင့်ရှောက်ရန်၊ ရေကြောင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တားဆီး ကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်း စာနာမှု အထောက်အကူပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော် (ရေ)အား အထောက်အကူပြုနိုင်ရန် စသည့်ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြောင်းအကျိုး စီးပွားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်သွားရမည့် တပ်ဖွဲ့ဖြစ်သည်ကို လေးနက်စွာနားလည် သဘောပေါက် ခံယူထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးအင်အားတောင့်တင်းလာစေရန် တည်ဆောက်ရေး စသည့်လုပ်ငန်းများ၌ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ ထို့ပြင် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များ၌ အဖြူရောင်သံတမန်(White Hull Diplomat)အဖြစ်လည်း ရည်မှန်းချက်ထားရှိ ဆောင်ရွက်သွားရန် လိုကြောင်း။



ကမ်းခြေစောင့် တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် နိုင်ငံတော်အစိုးရက အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ အကာအကွယ်ပေးမှုနှင့် လက်တွေ့ကျင့်သုံးနိုင်မှုများ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် တည်ဆဲရေကြောင်း ဥပဒေများအတိုင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများ ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် ဆက်စပ်ကျင့်သုံးရမည့် ရေကြောင်းဆိုင်ရာ ဥပဒေများကိုလည်း စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးက တက်ရောက်လာကြသည့်ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် အထိမ်းအမှတ်ပြခန်းကိုကြည့်ရှုပြီး ပြခန်းအတွင်း ခင်းကျင်း ပြသထားရှိမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကမ်းခြေစောင့် တပ်ဖွဲ့ ဆိပ်ခံဘောတံတားတွင် ဆိုက်ကပ်ထားသည့် ကမ်းခြေစောင့် တပ်ဖွဲ့ရေယာဉ်ပေါ် တက်ရောက် လေ့လာကြည့်ရှုပြီး ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အားလုံး ကမ်းခြေစောင့်တာဝန် ထမ်းဆောင်နိုင်ရန် အမြဲအသင့်ရှိနေစေရေး မှာကြားသည်။

မြန်မာနိုင်ငံ ကမ်းခြေစောင့် တပ်ဖွဲ့ရေယာဉ်များသည် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းခြေစောင့်တာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက်တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေးပြကွင်း၌ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် တက်လွင်ထွန်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သစ္စာ(၄)ချက် ရွတ်ဆို**

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုပြီး သစ္စာ(၄)ချက် ရွတ်ဆိုသည်။

ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် တက်လွင်ထွန်းက မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

**ချီးမြှင့်ပေးအပ်**

မွန်းလွဲပိုင်းတွင် (၄) နှစ်မြောက် ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ယာယီခန်းမဆောင်၌ ကျင်းပရာ ၂၀၂၄ - ၂၀၂၅ ခုနှစ် တစ်နှစ်တာကာလအတွင်း



ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ တစ်နှစ်တာကာလအတွင်း အကောင်းဆုံးလိုင်းဆုနှင့် လိုင်းခန်းဆုများရရှိသော တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်ပူးတွဲ

ရွေးကောက်ပွဲ ကျင်းပရန်




သာ လိုတော့သည်။

## မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ပြည်တွင်းနှင့် ပြည်ပရှိ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရက်တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံ အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-က)နှင့်အတူ သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများသို့ (၁၂ - ၁၀ - ၂၀၂၅) ရက်နေ့အရောက်ပေးပို့ရန် အစား (၁၇ - ၁၀ - ၂၀၂၅ ) ရက်နေ့အရောက်ပေးပို့ရန်၊

( ခ ) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှလည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း ရယူဖြည့်စွက်ပြီး (၁၂ - ၁၀ - ၂၀၂၅) ရက်နေ့အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန် အစား (၁၇ - ၁၀ - ၂၀၂၅)ရက်နေ့အရောက်ပြန်လည်ပေးပို့ရန်၊

( ဂ ) ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို ကော်မရှင်သို့ နောက်ဆုံးထားပေးပို့ရမည့် နေ့ရက်အား (၁၂ - ၁၀ - ၂၀၂၅) ရက်နေ့ အစား (၁၇ - ၁၀ - ၂၀၂၅) ရက်နေ့ပေးပို့ရန်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ စိစစ်ကြည့်ရှုနိုင်ရန်အတွက် ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့ထိ (၁၄)ရက်ကြာ ကပ်ထားကြေညာလျက်ရှိပါသည်။

၂။ မဲစာရင်းများပြည့်စုံမှန်ကန်စေရန်နှင့် မဲဆန္ဒရှင်များက လိုအပ်သည့် တောင်းဆိုလွှာ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများတင်ပြရာတွင် အချိန်ပိုမိုရရှိစေရန်အတွက် မဲစာရင်းကို ၁၄-၁၀-၂၀၂၅ ရက်နေ့မှ ၂၀-၁၀-၂၀၂၅ ရက်နေ့ထိ (၇)ရက် ထပ်မံတိုးမြှင့်ကပ်ထားကြေညာသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ၂၀-၁၀-၂၀၂၅ ရက်နေ့ထိ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ကန်ကြီးထောင့်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာဥပဒေ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များ ဆွေးနွေး

**ကန်ကြီးထောင့် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်လုပ်ငန်းလမ်းညွှန်များဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဧရာသီရိသုခခန်းမ၌ ပြုလုပ်ခဲ့သည်။

**ဆွေးနွေး**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းနှင့် ပတ်သက်၍လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် ဥပဒေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေး အတွက် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးမြေစိုက်ပိုစတာ (Billboard) စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇေယျာဌာနီလမ်းနှင့် မန္တလေးလမ်းထောင့် ဇလပ်ဝါကုန်တိုက်အနီး၌ ကျင်းပသည်။




အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော် ကောင်စီဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်သည်။

ဦးစွာ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက်ပိုစတာ (Billboard)ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်၊ နေပြည်တော် ကောင်စီဝင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သည့် ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌတို့က အခမ်းအနား တက်ရောက် လာကြသူများအား ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့် MEVM အသိပညာပေး လက်ကမ်းစာစောင်များကိုဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

NCA (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေးအထင်ကရ NCA နှင့်အတူ ယုံကြည်နားလည်မှုများဖြင့် ရှေ့ဆက်မြဲရှေ့ဆက်နေမည်

မိုးမြင့်

**မြန်မာ့ငြိမ်းချမ်းရေး အထင်ကရမှတ်တိုင်တစ်ခု Nationwide Ceasefire Agreement ဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး NCA ငြိမ်းချမ်းရေးခရီးက အောက်တိုဘာလ ၁၅ ရက်နေ့တွင် (၁၀)နှစ် ရှိသွားပါပြီ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သမိုင်းဝင်စာချုပ်ကြီး၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများ၊ ကူညီအားပေးခဲ့သူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အသိသက်သေပုဂ္ဂိုလ်များ သက်ရှိထင်ရှားရှိဆဲဖြစ်သည်။ သို့သော်လည်း ယခုအချိန်အထိ ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေရသူများရှိသလို ဖျက်ဆီးနေကြသူများလည်း ရှိနေသည်။**

## ဒို့တာဝန်အရေးသုံးပါးနှင့် ငြိမ်းချမ်းရေးတို့က ဆက်စပ်နေ

၁၈၈၅ ခုနှစ်က ဆုံးရှုံးခဲ့ရကာ ခက်ခက်ခဲခဲ တိုက်ယူခဲ့ရပြီးမှ ပြန်လည်ရရှိခဲ့သည့် လွတ်လပ်ရေးကြီးဖြစ်၍ ပြန်လည်မဆုံးရှုံးရအောင် အရင်းအနှီး မြောက်မြားစွာ ပေးဆပ်ကာကွယ်နေရသည်။ လူ့အသက်ပေါင်းများစွာ ပေးဆပ်ထားရသည့်အတွက်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာတန်ဖိုးက ကြီးမားလှသည်။ လွတ်လပ်ရေးနှင့်အတူ သန္ဓေတည်ခဲ့သည့် ခွဲထွက်လိုမှု၊ မညီညွတ်မှု၊ လက်နက်ကိုင်ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုများက ယခုတိုင်ရှိနေဆဲ။ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများလည်း ပြင်းထန်နေဆဲပင်။

သမိုင်းအဆက်ဆက်၊ အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြသည်သာ။ သို့သော် ထာဝရငြိမ်းချမ်းရေးကား မရသေး။ ကျွန်တော်တို့ မှတ်မိသည်က တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးကို ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရလက်ထက် အစောပိုင်းကာလများကတည်းက ဖိတ်ခေါ်ခဲ့သည်ဆိုသောအချက်တစ်ခု။ ထိုစဉ်မှစ၍ ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ ငြိမ်းချမ်းရေးစကား ပြောခဲ့ကြသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကို လုံးဝအထိခံ၍ မရသည်မှာ ရှင်းပါသည်။ ထိုအရေးသုံးပါး မစဉ်းစားဘဲ ငြိမ်းချမ်းရေးကို လုံးဝဆောင်ရွက်၍ မဖြစ်နိုင်သည်မှာလည်း ရှင်းလှသည်။ မြန်မာနိုင်ငံသမိုင်းကြောင်းအရ ဒို့တာဝန်အရေးသုံးပါးနှင့် ငြိမ်းချမ်းရေးကို မဆက်စပ်၍ ဘယ်လိုမှ မဖြစ်နိုင်သည်မှာ ထင်ရှားပါသည်။

## စိတ်ရှည်၊ သည်းခံ၊ နားလည်၊ ယုံကြည်ချက်များဖြင့်

အထူးသဖြင့် ယခုလို နိုင်ငံရေး သမိုင်းကြောင်းအချိုးအကွေ့တစ်ခု၊ ဒီမိုကရေစီ အလှည့်အပြောင်းတစ်ခုတွင် ဒီမိုကရေစီနှင့်ကိုက်ညီသည့် ထာဝရငြိမ်းချမ်းရေးဖြစ်ဖို့က ပို၍ အရေးကြီးနေပါသည်။ ထိုသို့ ဒို့တာဝန်အရေးများနှင့် ငြိမ်းချမ်းရေး အရေးကြီးပုံကို တပ်မတော်အစိုးရအဆက်ဆက်နှင့် တပ်မတော်က ကောင်းစွာသဘောပေါက်သည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးအတွက်ဆိုလျှင် တပ်မတော်ဘက်က ဘယ်တော့မှ လက်မနှေး၊ ဝန်မလေးခဲ့ပါ။ စိတ်ရှည်၊ သည်းခံ၊ နားလည်မှု၊ ယုံကြည်မှုအပြည့်ဖြင့် လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးစားပွဲဆီ ဖိတ်ခေါ်မြဲ ဖိတ်ခေါ်နေခဲ့သည်။

ယခုလို အခြေအနေမှာ ယာယီနေထိုင်ရန်မျှ၊ နယ်မြေအကန့်အသတ်သဘောတူညီချက်မျှ၊ ဒေသဖွံ့ဖြိုးရေးသဘောတူညီချက် (Gentleman Agreement) မျှဖြစ်ရုံမက အမျိုးသားစည်းလုံးညီညွတ်ရေးအထိ သွားနေပြီဖြစ်သည်။ ယခု ၂၀၂၂ အလွန် နိုင်ငံရေး၊ စစ်ရေး၊ ငြိမ်းချမ်းရေးအပြောင်းအလဲများမှ ဖားနှင့်ငါး၊ အပြုနှင့်အဖျက်၊ ဓမ္မနှင့်အဓမ္မ ကွဲပြားသွားပုံကို ပြည်သူများ၊ တိုင်းရင်းသားများ ဒိဋ္ဌဓမ္မသိသွားခဲ့ကြသည်က အရှုံးထဲမှ အမြတ်တစ်ခု။ တိုင်းရင်းသားအမည်ခံ၊ တော်လှန်ရေးအမည်ခံလက်နက်ကိုင်များ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အချို့အချို့သော တိုင်းရင်းသားပါတီများ၊ Political players နိုင်ငံရေးပါတီများသာ ရှင်းရှင်းလင်းလင်း သိရှိနားလည်သဘောပေါက်ကြရန်သာ လိုပါသည်။

## ထာဝရငြိမ်းချမ်းရေးအတွက် လမ်းပြမြေပုံဖြစ်ဆဲ

NCA သမိုင်း၏ အစသည် ၂၀၁၁ ခုနှစ် နိုင်ငံတော်က စတင်ဖော်ဆောင်သည့် ထာဝရငြိမ်းချမ်းရေးလမ်းပြမြေပုံမှ အစပြုခဲ့သည်ဟု အမှတ်ရမိပါသည်။ ထိုမှ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (Union Peace Central Committee–UPCC) ဖြစ်ပေါ်လာသည်။ ထို့နောက် ၂၀၁၃ ခုနှစ် လိုင်ဇာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ညီလာခံမှ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမည့် NCA ညှိနှိုင်းရေးအဖွဲ့ ဖြစ်ပေါ်လာသည်ဟု ဆိုရမည်။

ထိုမှတစ်ဆင့် ပထမမူကြမ်းကို သဘောတူညီမှုရခဲ့သည်။ မူကြမ်းအပေါ် အကြိမ်ကြိမ် အကျေအလည် ညှိနှိုင်းခဲ့၊ ဆွေးနွေးခဲ့ကြပြီးမှ သဘောတူညီချက်မူချောကို ရခဲ့ကြခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များ၏ တင်ပြချက်အားလုံးနီးပါးအပေါ် သဘောတူညီခဲ့ကြပြီးမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ စာချုပ်ချုပ်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် ၈ ဖွဲ့ ပါဝင်ခဲ့ကြရာ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်လွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ ကိုယ်စားပြုသည့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအပြင် အစိုးရနှင့် လွှတ်တော်များ အပိုင်းကလည်း ဝိုင်းဝန်းကြိုးစားခဲ့ကြသည်။ ပြည်တွင်းအသိသက်သေများအဖြစ် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသား

> **NCA (၁၀)နှစ်ပြည့်၌ ဖိတ်ခေါ်မြဲ ဆက်လက်ဖိတ်ခေါ်နေရပါဦးမည်။ စစ်ပွဲမပါဘဲ ငြိမ်းချမ်းရေးအတွက် ဖြေရှင်း၍ရနိုင်သေးသည်ဟူသော ယုံကြည်ချက်ရှိနေသေး၍ဖြစ်ပါသည်။ ဝေးနေသောအရာတွေကို နီးကပ်အောင်ဆောင်ကြဉ်းပေးနိုင်မည့် ပညာဉာဏ်ရှိနေ၍ဖြစ်သည်။ အကြမ်းမဖက်၊ အနုပညာဆန်သော၊ ကျွမ်းကျင်မှုအရည်အသွေးများ ရှိနေသေးသည်ဟု ခံယူထား၍ဖြစ်သည်။ ဆန့်ကျင်ဘက်အမြင်များ လျှော့နိုင်ကြလျှင်၊ အကျိုးစီးပွားချင်းမတူသည်များကို ဘုံအကျိုးစီးပွားအဖြစ် မြင်လာလျှင် ငြိမ်းချမ်းရေးကစားပွဲက တကယ်ပြီးပါပြီ**

ရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စာချုပ်ညှိနှိုင်းရေးမှူးများ၊ နှစ်ဖက်သက်သေများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ နိုင်ငံတကာ အသိသက်သေများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်၊ အိန္ဒိယသမ္မတနိုင်ငံမှ နိုင်ငံတော်လုံခြုံရေးဆိုင်ရာအကြံပေး၊ ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံမှ နိုင်ငံခြားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါသည်။

သံသယကင်းကင်းဖြင့် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သည်းခံမှု၊ သဘောထားကြီးမှုများစွာဖြင့် စာချုပ်တစ်ခု ဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်တွင် နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ စာချုပ်တွင် ပူးပေါင်းပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည်။ NCA စာချုပ်ပါအခြေခံမူများကား ကျယ်ပြန့်နက်ရှိုင်းသည့်အတွက် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်အဆုံးသတ်ရေးအတွက်လည်း အခြေခံအာမခံချက်များ ဖြစ်နေသည်။ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်လိုချင်သည့် တိုင်းရင်းသားပြည်သူများအတွက် ထာဝရငြိမ်းချမ်းရေး လမ်းပြမြေပုံတစ်ခုဆိုလျှင်လည်း မမှားပါ။

> **နိုင်ငံတော်တည်ဆောက်ရေးအတွက် Nation building၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပြန်လည်ထူထောင်ရေးအတွက် အရေးတကြီး လုပ်စရာတွေ များစွာရှိနေပါသည်။ စစ်ပွဲများက အဖြေမဟုတ်ဆိုသည်ကို တပ်မတော်ကော ပြည်သူပါသိပါသည်။ ငြိမ်းချမ်းရေးလိုချင်လွန်း၍သာ စစ်ကိုတိုက်နေရသည်ဆိုသည့်အမြင် ရှင်းရှင်းလင်းလင်းဖြစ်ရန်သာလိုသည်။ ယခုအထိ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များကား အပြုသဘောဆောင်ဆဲဖြစ်ပါသည်။ အကောင်းမြင်ဆဲဖြစ်ပါသည်။ ငြိမ်းချမ်းရေး အလင်းတံခါးကိုလည်း ဖွင့်မြဲဖွင့်ထားဆဲဖြစ်**

## ယုံကြည်ချက်၊ အမြော်အမြင်နှင့် ပညာဉာဏ်ရှိနေသရွေ့

မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသည် ဘယ်ခေတ်ဘယ်အခါမဆို အရေးကြီးပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေးခရီးကို ဆက်ခဲ့သည်။ ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မြန်မာ့ဒီမိုကရေစီနှင့် ကိုက်ညီမည့် ငြိမ်းချမ်းရေးအခင်းအကျင်းကို ဘယ်လိုဆက်လက်ပုံဖော်ကြမလဲ။ ပြည်သူများက ငြိမ်းချမ်းရေးကို အထူးငံ့လင့်နေကြသကဲ့သို့ တပ်မတော်ကလည်း မငြိမ်းချမ်းခြင်း၏ဆိုးကျိုးများကို အသိဆုံးဖြစ်သည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးအတွက် ဆက်လက်ညှိနှိုင်းနေရဦးမည်ပင်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး အမြော်အမြင်ကြီးကြီးဖြင့် ရှေ့ဆက်ချီတက်ကြရဦးမည်ဖြစ်သည်။ သို့သော် ယခုအချိန်အထိတော့ မတူကွဲပြားမှုများနှင့် ဝေးနေဆဲဖြစ်သည်ဟု ခံစားရသည်။ အကြမ်းဖက်မှုများချုပ်ငြိမ်းရန် လက်နက်ဖြင့် ဖြေရှင်းနေရဆဲ ဖြစ်သည်ကိုလည်း နားလည်သည်။ ထိုလမ်းကို မလျှောက်ချင်သော်လည်း လျှောက်နေရဆဲဖြစ်သည်ကို သဘောပေါက်သည်။

ထို့ကြောင့်လည်း NCA (၁၀)နှစ်ပြည့်၌ ဖိတ်ခေါ်မြဲ ဆက်လက်ဖိတ်ခေါ်နေရပါဦးမည်။ စစ်ပွဲမပါဘဲ ငြိမ်းချမ်းရေးအတွက် ဖြေရှင်း၍ရနိုင်သေးသည်ဟူသော ယုံကြည်ချက်ရှိနေသေး၍ဖြစ်ပါသည်။ ဝေးနေသောအရာတွေကို နီးကပ်အောင်ဆောင်ကြဉ်းပေးနိုင်မည့် ပညာဉာဏ်ရှိနေ၍ ဖြစ်သည်။ အကြမ်းမဖက်၊ အနုပညာဆန်သော၊ ကျွမ်းကျင်မှု အရည်အသွေးများ ရှိနေသေးသည်ဟု ခံယူထား၍ဖြစ်သည်။ ဆန့်ကျင်ဘက်အမြင်များ လျှော့နိုင်ကြလျှင်၊ အကျိုးစီးပွားချင်းမတူသည်များကို ဘုံအကျိုးစီးပွားအဖြစ် မြင်လာလျှင် ငြိမ်းချမ်းရေးကစားပွဲက တကယ်ပြီးပါပြီ။

စာမျက်နှာ ၁၂ သို့



# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီတူရှိမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်စာချုပ်အဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ကြီးမှူး၍ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် MGallery ဟိုတယ်၌ ကျင်းပသည်။

ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ အဆင်သင့်ဖြစ်နေပြီဟု မျှော်လင့်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မည့်အနေအထားအား အစမ်းလေ့ကျင့် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ယဉ်ကျေးမှုအကအဖွဲ့များအနေဖြင့် အစမ်းလေ့ကျင့်ရန်လိုအပ်ကြောင်း၊ ပထမပိုင်းတွင် ဖွင့်ပွဲအခမ်းအနားကို ဆောင်ရွက်ပြီး ဒုတိယပိုင်းတွင် အလုပ်ရုံ ဆွေးနွေးပွဲကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီအနေဖြင့်လည်း အခမ်းအနားကျင်းပသည့်နေရာသို့ အချိန်မီရောက်ရှိနိုင်ရေး မြေပြင်တွင် အချိန်ကိုက် ကြိုတင်လေ့ကျင့်ထားသင့်ကြောင်း၊ ခန်းမတွင်းနေရာချထားရေး လုပ်ငန်းကော်မတီအနေဖြင့်လည်း လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးအား (၃) ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီအစည်းအဝေးအား (၂) ကြိမ်တိုင်တိုင် ပြုလုပ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများမှ လိုအပ်ချက်များမရှိစေရေး အသေးစိတ်တင်ပြဆွေးနွေးပေးစေလိုပြီး လိုအပ်ချက်များကို အပြီးသတ်ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်းပြောကြား၍ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနားတက်ရောက်သူများအား အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြခန်းတွင် ရှင်းလင်းမည့် ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ထိထိမိမိ စနစ်တကျရှင်းလင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစေလိုကြောင်း၊ ပြခန်းတွင် ခင်းကျင်းပြသမည့် ဓာတ်ပုံများအား စနစ်တကျ စိစစ်ခင်းကျင်းပြသရန်လိုကြောင်း၊ အခမ်းအနားမှူးများက အစီအစဉ်တကျဖြင့် အချိန်ကိုက် ကြေညာပေးရန် လိုအပ်ကြောင်း၊ အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသနေမည်ဖြစ်သည့်အတွက် ဂရုတစိုက်စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသည် အရေးကြီးသည့် အခမ်းအနားတစ်ခုဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲတွင် (၁၀)နှစ်တာကာလအတွင်း NCA ပါ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Forward Action Plan) ကို ဖော်ထုတ်ရန်၊ အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာနိုင်စေရေးအတွက် NCA နှင့်ပတ်သက်သည့် အသိပညာများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ထိရောက်သော ငြိမ်းချမ်းရေးမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ဒေသတွင်းနှင့်နိုင်ငံတကာမှသိမြင်လာစေရန်၊ NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ် မြန်မာနိုင်ငံတော်တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရန်တို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ခရီးရှေ့ဆက် ချီတက်မည်

✻ ကိုယ့်တိုင်းပြည်ကို၊ ငြိမ်းချမ်းလို၍
ညီအစ်ကိုနောင်ရင်း၊ စစ်မခင်းဘဲ
ချစ်ခြင်းဖြင့်သာ၊ တည်ဆောက်ပါမှ
အနာဂတ်လမ်း၊ တို့ဖြောင့်တန်းမည်
တန်းတူညီမျှ၊ ဆွေးနွေးကြခဲ့
လအောက်တိုဘာ၊ ဆယ့်ငါးမှာလျှင်
ကာလအရှိ၊ ဆယ်နှစ်ပြည့်ပြီ
ထိန်းညှိပေးနေ အင်န်စီအေ။
ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းပေး။

✻ ကိုယ့်တိုင်းပြည်ကို၊ ဖွံ့ဖြိုးလို၍
ဟိုယခင်က၊ ကြုံခဲ့ရသည့်
ဒုက္ခဘေးဒဏ်၊ အရင်းခံမှာ
နိုင်ငံရေးအရ၊ ဘာသာရေးအရ
လူမျိုးရေးအရ၊ ဝါဒမတူ
အယူကွဲပြား၊ ဖြစ်ရပ်များကြောင့်
ထင်ရှားသိပေ ပြည်သူတွေ။
အင်န်စီအေကို ထောက်ခံပေ။

✻ ဩော် . .
တိုင်းပြည်အမှန်၊ ငြိမ်းချမ်းရန်အတွက်
တိုင်းပြည်အမှန်၊ ဖွံ့ဖြိုးရန်အတွက်
တိုင်းပြည်အမှန်၊ တိုးတက်ရန်အတွက်
ရည်သန်လမ်းကြောင်း၊ မတိမ်းစောင်းအောင်
ထိန်းကျောင်းလျက်ပေ၊ အင်န်စီအေ၏
အရှည်မျှော်ရှု၊ ရပ်တည်မှုကား
ပြည်သူ့ရင်ကြား၊ နှလုံးသားမှ
ခံစားချက်အစစ်၊ အမှန်ဖြစ်၏
ဆယ်နှစ်မှသည်၊ ရှေ့ဆက်ချီသော်
ရောက်မည်ပန်းတိုင်၊ မလွဲနိုင်ဟု
ခိုင်မာစိတ်ကြုံ၊ သန္နိဋ္ဌာန်ဖြင့်
နိုင်ငံအကျိုး မျှော်ကိုးရည်။
အင်န်စီအေကို ထောက်ခံသည်။ ။
ခရီးရှေ့ဆက် ချီတက်မည်။ ။

မြင်းမူမောင်နိုင်မိုး

[(၁၀)နှစ်ပြည့် NCA နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။]

# လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လူမှုဖူလုံရေး ရွေ့လျားဆေးကုသယာဉ်ပေါ်၌ ကျန်းမာရေး စောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၌ လူမှုဖူလုံရေး အကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမျက်နှာစာ၌ လူမှုဖူလုံရေးအဖွဲ့-သုခမင်္ဂလာ ရောဂါရှာဖွေရေး ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) ဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုကို ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟို၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြန်ကြားရေးဝန်ကြီးဌာနမှ အာမခံဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် မှတ်ပုံတင် စာရင်းသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် အထွေထွေ ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူမှုဖူလုံရေး ရွေ့လျားဆေးကုသယာဉ်ပေါ်၌ ဓာတ်ခွဲစစ်ဆေးခြင်း၊ နှလုံး ECG စစ်ဆေးခြင်း၊ သွေးစစ်ခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

လူမှုဖူလုံရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာ ကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်၌လည်း မြို့နယ် လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာ ကုသမှု ဆောင်ရွက်ပေးနေသည့် စာချုပ်ဆေးခန်း ငါးခန်းတို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၂၅၃ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကာ အောက်တိုဘာ ၃၀ ရက်အထိ နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင် မှတ်ပုံတင်ထားသည့် အာမခံ အလုပ်သမားများကို ဆက်လက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မင်းတုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

**မင်းတုန်း အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၉ နာရီခွဲတွင် စက်သုံးဆီသယ် ဘောက်ဆာယာဉ်များကို မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ထိုသို့ စစ်ဆေးရာတွင် စက်သုံးဆီသယ် ဘောက်ဆာယာဉ်များ စက်သုံးဆီ အရောင်းဆိုင်များရှိ ဆီသိုလှောင်ကန်များသို့ ဆီများ ဖြည့်တင်းရာတွင်လည်းကောင်း၊ လမ်းခရီးတစ်လျှောက် ဆီသယ်မောင်းနှင်ရာတွင် လည်းကောင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင် ကာကွယ်ရေးဆိုင်ရာ မီးသတ်ဆေးဘူးများ လုံလောက်စွာ ထားရှိစေရေးနှင့် မီးဘေးလုံခြုံရေး စနစ်တကျအလေးထား ဆောင်ရွက်စေရေးတို့ကို စစ်ဆေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## အောင်လံမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**အောင်လံ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ဓာတ်အား ပြတ်တောက်မှု လျော့နည်းစေရေး လျှပ်စစ်မီးကြိုးလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ယနေ့ နံနက် ၇ နာရီမှစတင်၍ လုပ်ဆောင်ခဲ့သည်။



### ခုတ်ထွင်ရှင်းလင်း

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးတင့်လွင်ဦး ဦးဆောင်သော ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများကို ခုတ်ထွင် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

■

❁ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်နှင့် အချုပ်အခြာအတွက် ငါ့မှာ တာဝန်ရှိနေသည်ဟု ခံယူလိုက်လျှင် ဘယ်လောက်ကောင်းမလဲ၊ နိုင်ငံတော်အတွက် မစဉ်းစားတတ်သေးလျှင်တောင် စစ်ဘေးသင့်သည့် ငါ့ပြည်နယ်၊ ငါ့ဒေသ၊ ငါ့လူမျိုးအတွက် အနည်းငယ်မျှ စဉ်းစားမိလျှင်ပင် အတော်အကျိုးကျေးဇူးများနေပါပြီ။ ငါတို့ လုပ်တာကိုင်တာများသည် ဒီမိုကရေစီအတွက်လား၊ နိုင်ငံအရေးလား၊ လူတစ်စု၊ တစ်ဖွဲ့၊ တစ်ပါတီ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်လား ပညာရှိရှိ စဉ်းစားတတ်ပါစေ။ ငါ့အမြင် ငါ့ရှုထောင့်က စဉ်းစားသမျှ အတွေးဟူသမျှမှာ တစ်ဖက်အကျိုးအတွက်လည်း ထည့်သွင်းစဉ်းစားပေးခြင်းမျိုးကသာ ပညာရှိတို့၏ စိတ်ထားဖြစ်သည်ကို မမေ့ပါနှင့်။

ငါကလည်း သူ့အတွက်စဉ်းစားပေးနေလျှင်၊ သူလည်း ကိုယ့်အတွက် တွေးပေးနေမည်ဖြစ်ကြောင်း အသိမျိုးက နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။ စေ့စပ်ညှိနှိုင်းခြင်းဟူသည် အပေးအယူ၊ အလျှော့အတင်းများစွာဖြင့် နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိအောင် စကားပြောရ၊ လုပ်ကိုင်ပြရခြင်းဖြစ်၍ အလွန်ပညာဆန်ပါသည်။ ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်လမ်းစဉ်ရွေးတတ်သူကိုသာလျှင် သတ္တိရှိသူဟုလည်းဆိုကြ၍ သတ္တိရှိရှိ အမြော်အမြင်ရှိရှိဖြင့် ငြိမ်းချမ်းရေးလိုလားသူများ အမှန်ဖြစ်စေချင်ပါသည်။

ထို့ကြောင့်လည်း ယခု (၁၀) နှစ်ပြည့် NCA နှစ်ပတ်လည်အခမ်းအနားကို အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာကျင်းပရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းနှင့်အတူ ငြိမ်းချမ်းရေးလမ်းပြမြေပုံကို ဘယ်လိုဆက်လက်ပုံဖော်ကြမလဲဆိုသည်ကို ပြည်သူများက စိတ်ဝင်စားနေကြသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အချိန်ကောင်းဟူသည် နှောင်းသည်ဟူ၍ ဘယ်တော့မှ မရှိပါ။ ယနေ့လုပ်၊ ယနေ့အကျိုးရှိသည်သာ။

နိုင်ငံတော်တည်ဆောက်ရေးအတွက် Nation building၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပြန်လည်ထူထောင်ရေးအတွက် အရေးတကြီး လုပ်စရာတွေ များစွာရှိနေပါသည်။ စစ်ပွဲများက အဖြေမဟုတ်ဆိုသည်ကို တပ်မတော်ကော ပြည်သူပါ သိပါသည်။ ငြိမ်းချမ်းရေးလိုချင်လွန်း၍သာ စစ်ကို တိုက်နေရသည်ဆိုသည့်အမြင် ရှင်းရှင်းလင်းလင်း ဖြစ်ရန်သာလိုသည်။ ယခုအထိ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များကား အပြုသဘောဆောင်ဆဲ ဖြစ်ပါသည်။ အကောင်းမြင်ဆဲဖြစ်ပါသည်။ ငြိမ်းချမ်းရေး အလင်းတံခါးကိုလည်း ဖွင့်မြဲဖွင့်ထားဆဲ ဖြစ်ပါသည်။ ။

■

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရောင်းချနေသောလုပ်ငန်းများနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

၂၀၂၅ ခုနှစ် အောက်တိုဘာ ၉

မီဒီယာများကို AA အကြမ်းဖက်သောင်းကျန်းသူများဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ရောင်းချနေတဲ့လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ဒီ AA အကြမ်းဖက်သောင်းကျန်းသူတွေ ဦးစီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရောင်းချနေတဲ့လုပ်ငန်းတွေဟာ ကျွန်တော်တို့မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်သဖွယ်ဖြစ်ပေါ်လျက်ရှိပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ရပ်တည်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်အရင်ကလည်း ပြောပြီးဖြစ်ပါတယ်။ အခုလည်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်ဖြန့်ဖြူးရောင်းချမယ့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိတဲ့ အိုက်စ် ၃၄၃၈ ကီလိုဂရမ်နဲ့ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်တွေကို ပြီးခဲ့တဲ့စက်တင်ဘာလ နောက်ဆုံးပတ်က ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုနဲ့ ဒီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကိုမလိုလားတဲ့ တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ မူးယစ်ဆေးဝါးတွေကို ရှမ်းပြည်နယ်ဘက်ကနေ အဲဒီကမှ ရန်ကုန်မြို့ကတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်မယ့်အကြောင်း သိရှိရတဲ့အတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုတွေ လုပ်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးသွားကားလမ်းပေါ်မှာ ယာဉ်မောင်းအောင်ခန့်ကျော်မောင်းနှင်ပြီး ယာဉ်နောက်လိုက် ထက်ဝေဖြိုး လိုက်ပါလာတဲ့ ယာဉ်ပေါ်ကနေ အိုက်စ် ၁၄၃၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးသယ်ဆောင်မယ့် ကိစ္စကို ချိတ်ဆက်ပေးတဲ့သူတွေအပြင် ထပ်မံပြီး ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာက ဇော်လင်းနဲ့ စောဇင်မင်းဟန်တို့အိမ်မှာ သိုလှောင်သိမ်းဆည်းထားတဲ့ အိုက်စ် ၁၉၉၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နဲ့ တရားခံတွေနဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ သုံးခွမြို့နယ် သမစိတ္တာကျေးရွာအနီးမှ ကျော်နိုင်ရဲ့ နေအိမ် ဂိုဒေါင်ကနေ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၁၀၉ ဒသမ ၉ ဘီလီယံခန့်နဲ့ မူးယစ်ဆေးဝါး သယ်ဆောင်ပေးခဲ့တဲ့ ယာဉ်မောင်း/ယာဉ်မောင်းအကူတွေနဲ့ သယ်ဆောင်ရာမှာ အသုံးပြုခဲ့တဲ့ မော်တော်ယာဉ်တွေကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသက မူးယစ်ဆေးဝါးတွေဖြစ်ပြီး AA သောင်းကျန်းသူအဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံတွေဖြစ်တဲ့ ရဲဇော်နဲ့ ချစ်မင်းတို့က ဝမ်ဟိုင်းကနေ




တစ်ဆင့် ရမည်းသင်း၊ ရန်ကုန်နဲ့ ရခိုင်ပြည်နယ်၊ အဲဒီကမှ မလေးရှားနိုင်ငံအထိ ပင်လယ်ရေလမ်းကြောင်းကနေ ပို့ဆောင်ဖို့ စီစဉ်ဆောင်ရွက်နေချိန်မှာ အခုလိုဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေဟာ ၂၀၁၃ ခုနှစ်လောက်ကစပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချမှုတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ထုပ်ပိုးမှုပုံစံမျိုးစုံနဲ့ သယ်ဆောင်တဲ့နေရာမှာလည်း ဆီဘောက်ဆာကားကို အံဝှက်လုပ်ပြီး သယ်ဆောင်တဲ့အထိ လုပ်ဆောင်ခဲ့ကြပါတယ်။ မူးယစ်ဆေးဝါးကို အဓိကကုန်ကူးရောင်းချနိုင်ဖို့အတွက် ပမာဏနည်းနည်းလေးကနေပြီး ကြီးမားတဲ့ပမာဏအထိ သယ်ဆောင်လုပ်ကိုင်နေတာမျိုးတွေ့ရပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ကိုယ်တိုင်က တာဝန်ပေးစေခိုင်းတဲ့အတွက် ဒီမူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းတွေကို လုပ်နေရတာဖြစ်ကြောင်းကိုလည်း ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့ဝင်တွေရဲ့ ထွက်ဆိုချက်တွေမှာ တွေ့နိုင်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ်မှာ တစ်ကြိမ်ဖမ်းမိခဲ့တဲ့ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅ ဘီလီယံခန့်၊ ၂၀၁၉ ခုနှစ်မှာ လေးကြိမ် ကာလတန်ဖိုးငွေကျပ် ၅၉ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ တစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀ ဘီလီယံ၊ ၂၀၂၃ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၅၅ ဒသမ ၈၇ ဘီလီယံ၊ ၂၀၂၄ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၂၂ ဘီလီယံခန့်နဲ့ အခု ၂၀၂၅ ခုနှစ်အတွင်းမှာ ခြောက်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀၀၃ ဒသမ ၉၃ ဘီလီယံခန့်ဖြစ်ပြီး **၂၀၁၅ ခုနှစ်ကနေ ယခုအချိန်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုစုစုပေါင်း ၁၆ ကြိမ်တိတိရှိခဲ့ပါတယ်။ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၂၃၃ ဒသမ ၆၇ ဘီလီယံအထိ ဖမ်းဆီးရမိခဲ့ပါတယ်။** ဒီပမာဏကိုကြည့်ရင် ဘယ်လောက်အန္တရာယ်များကြောင်း တွေ့နိုင်မှာဖြစ်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်မှာ သူတို့ထိန်းချုပ်ထားတဲ့ နေရာတွေကနေတစ်ဆင့် ဒေသတွင်းနေရာများကို ဘယ်လောက်အထိ မူးယစ်ဆေးဝါးတွေပို့ဆောင်နေခဲ့ကြောင်း ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်က AA သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာဆိုရင် AA သောင်းကျန်းသူအဖွဲ့ဝင် ဗိုလ်အဆင့်ရှိတဲ့ ထွန်းလင်း(ခ)ပြုံးချို၊ ဒုတိယဗိုလ်အဆင့်ရှိတဲ့ နေလင်းထွန်း(ခ) နောနော်(ခ)ကျော်စိုးနဲ့ ဒုတိယဗိုလ်အဆင့်ရှိသူ စိုးထွန်း၊ တပ်ကြပ်ကြီးအဆင့်ရှိသူ ကျော်ဟန်၊ တပ်သားအဆင့်ရှိတဲ့ ကျော်လင်းဆန်းနဲ့ တပ်သားအဆင့်ရှိတဲ့ ဦးထွန်းနုတို့ ခြောက်ဦး ပါဝင်ခဲ့ပါတယ်။ သူတို့ကို ကျွန်တော်တို့ စနစ်တကျစစ်ဆေးဖော်ထုတ်တဲ့အခါမှာ AA သောင်းကျန်းသူအဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ AA သောင်းကျန်းသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသား (ခ) ဝေသာထွန်းက ဦးစီးပြီး စီမံခန့်ခွဲလုပ်ဆောင်နေကြောင်း ထွက်ဆိုချက်တွေအရ တိကျစွာသိရှိရပါတယ်။ ဒီလိုပါပဲ နောက်ပိုင်းဖမ်းမိတဲ့ကိစ္စတွေမှာလည်း AA သောင်းကျန်းသူအဖွဲ့နဲ့ ပတ်သက်တဲ့သူတွေ၊ AA သောင်းကျန်းသူအဖွဲ့ဦးစီးပြီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေသူတွေသာ ဖြစ်ပါတယ်။

AA သောင်းကျန်းသူအဖွဲ့တွေဟာ ဒေသခံတွေကို ငွေကြေးနဲ့မက်လုံးပေးပြီး မူးယစ်ဆေးဝါးတွေကို သယ်ဆောင်စေပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံတွေကို ရောင်းချတာအပြင် နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရေလမ်းကြောင်းကနေတစ်ဆင့် အခြားနိုင်ငံတွေကိုလည်း အဆင့်ဆင့်ချိတ်ဆက်ပို့ဆောင်ရောင်းချနေတာ တွေ့ရပါတယ်။ ဒါတွေကို ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(BGB)ရဲ့ ရာမူးစစ်ဌာနချုပ်မှူးကိုယ်တိုင် စက်တင်ဘာလ ၁၅ ရက်နေ့က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်ကတော့ ဒီရခိုင်-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ မြန်မာနိုင်ငံရဲ့နယ်ခြားစောင့်ရဲတပ်ဖွဲ့တွေ လုံခြုံရေးဆောင်ရွက်နေတဲ့ အခြေအနေမှာ ဒီလိုကိစ္စတွေကို ကောင်းမွန်စွာကိုင်တွယ်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုကတော့ သူတို့လွှမ်းမိုးနေတဲ့နယ်မြေမှာ AA သောင်းကျန်းသူတပ်ဖွဲ့ဝင်တွေကိုယ်တိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို မူးယစ်ဆေးဝါးတွေ အတားအဆီးမဲ့စွာ တင်သွင်းတင်ပို့နေကြောင်း တွေ့ရတာဖြစ်ပါတယ်။ ဒီလိုပို့ဆောင်ဖြန့်ဖြူးရရှိတဲ့ ငွေတွေကနေတစ်ဆင့် ရိက္ခာ၊ လက်နက်/ ခဲယမ်းတွေ ဝယ်ယူနေခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

AA သောင်းကျန်းသူအဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေကလည်း မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးတဲ့ လမ်းကြောင်းမှာ ပါဝင်ပတ်သက်နေပြီး အဲဒီကနေ ရရှိလာတဲ့ အကျိုးအမြတ်တွေကို မျှော်လင့်ခဲ့ရာကနေပြီးတော့ ပမာဏကြီးကြီးဖမ်းဆီးခံလိုက်ရတဲ့အချိန်ရဲ့နောက်ကွယ်မှာတော့ ငွေကြေးကျပ်တည်းမှုတွေနဲ့အတူ စိတ်ဝမ်းကွဲပြားမှုတွေ၊ အလင်းဝင်ရောက်မှုတွေ၊ အချင်းချင်းစွပ်စွဲသတ်ဖြတ်မှုတွေ ဖြစ်ပေါ်နေတာလည်း တွေ့ရပါတယ်။ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးက PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေဟာ တရားဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာမှု ၈၂၃ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလင်းဝင်ဖို့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ အဖွဲ့တွေလည်းရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၈ ခုနှစ်ကနေ ယခုအထိ EAO တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်း (၂၇) ကြိမ်ကြေညာခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကြောင့် အကြမ်းဖက်ဖြစ်နေတဲ့ PDF အပါအဝင် အခြားအဖွဲ့အစည်းများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ သုံးကြိမ်တိုင် ဖိတ်ခေါ်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြောချင်တာက AA သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာသာမက မြန်မာနိုင်ငံအတွင်း ဒေသတွင်းနိုင်ငံတွေအထိ လူသားမျိုးနွယ်စုရဲ့ အန္တရာယ်ဖြစ်တဲ့ မူးယစ်ဆေးဝါးရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေ လုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးအကြောင်းပြပြီး သောင်းကျန်းသူအဖြစ်ဆောင်ရွက်လျက်ရှိပါတယ်။ လူမျိုးရေးအကြောင်းပြပြီး ဆောင်ရွက်နေတာဖြစ်ပေမယ့် ရခိုင်လူငယ်တွေပဲ မူးယစ်ဆေးဝါးရဲ့သားကောင်တွေ ဖြစ်ပေါ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအနေနဲ့ ဒီလိုအစွန်းရောက်လုပ်ဆောင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူ Arakan Drug Army (AA မူးယစ်ဆေးဝါးသောင်းကျန်းသူ)များကို ဆန့်ကျင်ဖို့၊ မြန်မာနိုင်ငံသူနိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့်လုပ်ငန်းတွေဖြစ်လို့၊ ဒေသတွင်းနိုင်ငံများကိုပါ အန္တရာယ်ကျရောက်စေမယ့်လုပ်ငန်းတွေဖြစ်လို့ အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့နဲ့ ရရှိလာတဲ့သတင်းများကို တာဝန်ရှိသူများထံ အချိန်မီပေးပို့ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**



## ညောင်တုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးစစ်ဆေး

ညောင်တုန်း အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

**အသိပညာပေးပြောကြား**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။



အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာအက ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ဟိန်းထက်အောင် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ မခင်စန္ဒာသိန်း ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မရွှေစင်ဖြိုး ယှဉ်ပြိုင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆင့်ရရင့် ငယ်လေ (ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပပဝင်းဝင်း(ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ)အဆင့်ပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မရှေးမြဲနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မဖူးပွင့်ကဗျာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖူးပြည့်သဇင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မယွန်းပြည့်ဝေနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မချိုချိုအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မချောစုသွယ်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မသွန်းသက်မှူးစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပန်ဆုပြည့်ကျော်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မဟန်သီဦးနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းမိုးစက်စက်ဝင်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မယိမ်းဆွမ့်နှင့်အဖွဲ့၊ ရောဝတီတိုင်းဒေသကြီးမှ မယွန်းဝေဝေလွင်နှင့်အဖွဲ့နှင့် မကွေးတိုင်းဒေသကြီးမှ မထွန်းရတနာပိုနှင့်အဖွဲ့တို့က ကဗျာလွတ်ကကြိုးကကွက်များကို အဖွဲ့လိုက် ညီညာလှပကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် **အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာအကပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က ထားဝယ်ရိုးရာယန်းအကကို စံပြအနေဖြင့် ဦးစွာကပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များဖြစ်သည့် မွန်ပြည်နယ်မှ မောင်ထွန်းထွန်းနိုင်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်သန်းထွန်းဦးနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်အောင်လှသိန်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မကေသွယ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်သန်းကြွယ်လင်းနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မမိုးသဲဖြူထွန်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်လွင်မိုးသူနှင့်အဖွဲ့၊ ရောဝတီတိုင်းဒေသကြီးမှ မချစ်မြတ်နိုးဇော်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်စည်သူအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခန့်လင်းမြတ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မောင်စံမင်းသူနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသက်မိုစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဝေစိုးနှင့် အဖွဲ့တို့က "ပြည်ထောင်စုအတွက် သမိုင်းပေးသစ္စာ" သီချင်းတေးသွားနှင့် ထားဝယ်ရိုးရာကကြိုးကကွက်များကို ပေါင်းစပ်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ကပြယှဉ်ပြိုင်ကြသည်။

ထို့အတူ **အရေးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား/ အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ကျောင်းနေစဉ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီး** ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက**"လူချွန်လူကောင်းတို့ဂုဏ်ရည်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

အလားတူ **ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့်(ဘွဲ့)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် **(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါ ဟေမာန် (ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**စာမျက်နှာ ၁၅ သို့ ✤**




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်အုံ့ထူးပိုင် ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မဆုလာဘ်ဝင်းလွင် ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မနန်းဖူးပွင့်ကိုကို ယှဉ်ပြိုင်စဉ်။



အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာအကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။




မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ)အဆင့်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မယိမ်းဆွမ့်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

✤ စာမျက်နှာ ၁၄ မှ

ထို့ပြင် **နှဲပြိုင်ပွဲကို** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့်( အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ် တို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာ သီရိ(ဘွဲ့)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လွမ်းဘွဲ့စေ(ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ(ကြိုး)" သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။




မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ)အဆင့်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မယွန်းပြည့်ဝေနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

မွန်းလွဲပိုင်းတွင် **ပလွေပြိုင်ပွဲကို** ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက"ဂန္ဓမာတောင်(ဘွဲ့)"သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ(ကြိုး)"သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဇယန်နှင့်နှုန်းငြား(ကြိုး)"သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

### ကြည့်ရှုအားပေး

ယနေ့ပြိုင်ပွဲ တတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပလွေပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အောင်စိုးမင်း ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပလွေပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်စွမ်းထက်နိုင် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသား နှဲပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဖွဲလင်းထက် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသား နှဲပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်အောင်မျိုးသိန်း ယှဉ်ပြိုင်စဉ်။

# မြေနိမ့်ကော်ဖီစိုက်ပျိုး လုပ်ကိုင်လိုသူများအနေဖြင့် နည်းပညာအပါအဝင် အကူအညီများလိုအပ်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးတွင် ဆက်သွယ်ဆောင်ရွက်နိုင်



နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရုံးများ၌ စိုက်ပျိုးထားသော တောင်သူပညာပေး ကော်ဖီစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ရုံးအမှတ်(၁၅)တွင် တစ်ဧက စိုက်ပျိုးထားသော ရိုဘတ်စတာ မြေနိမ့်ကော်ဖီပင်များ၏ (၁)နှစ်(၉) လသားအရွယ်တွင် အသီးများစတင် သီးပွင့်နေမှု၊ အသီးအားပိုမိုကောင်းမွန်စေရန် ပထမအကြိမ် အသီးများကို ခူးခြွေဖယ်ရှားထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ရုံးအမှတ်(၃၆) တွင် စိုက်ပျိုးထားသော မြေနိမ့်ကော်ဖီ ၂ ဒသမ ၅ ဧကနှင့် ရုံးအမှတ် ၅၀ တွင် စိုက်ပျိုးထားသော မြေနိမ့်ကော်ဖီ ဒသမ ၅ ဧက စိုက်ခင်းများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ၌ စိုက်ပျိုးခဲ့ကြသည့် နှစ်ရှည်ပင်များကို အရိပ်ရပင်အဖြစ် အသုံးပြု၍ မြေနိမ့် ကော်ဖီမျိုးများ စိုက်ပျိုးခဲ့မှု၊ သက်တမ်းအလိုက် သတ်မှတ်ထားသည့် အပင်ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကော်ဖီသီးနှံကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် မြေနိမ့်ဒေသများ၌ အောင်မြင်စွာစိုက်ပျိုးနိုင်မှုကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးနှင့် လက်တွေ့နည်းပညာပေးပြသမှုအပြင် လိုအပ်သော ကူညီပံ့ပိုးမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၅၀၀ နှင့် အောက်ရှိ ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ရိုဘတ်စတာ မြေနိမ့်ကော်ဖီမျိုးများသည် အရိပ်ပင်များဖြစ်သည့် သရက်ပင်၊ သီဟိုဠ်ပင်၊ မက္ကာဒေးမီးယားပင်နှင့် ရော်ဘာပင်များကို အသုံးပြု စိုက်ပျိုးနိုင်သကဲ့သို့ ကမ်းရိုးတန်းဒေသများ၌ ကွမ်းသီးပင်များအကြားတွင်လည်း စိုက်ပျိုးနိုင်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ကြကြောင်း၊ ဈေးကွက်ရှိသော သီးနှံဖြစ်၍ မြေနိမ့်ကော်ဖီ စိုက်ပျိုးလုပ်ကိုင်လိုသူများအနေဖြင့် နည်းပညာအပါအဝင် အကူအညီများလိုအပ်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၁၅) တွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ



ပဲခူး အောက်တိုဘာ ၉

ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်တွင်းစားသုံးသူများ အစားအစာဘေးကင်းလုံခြုံမှုရှိရေးသည် အရေးကြီးကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဒွန်တွဲတွေ့ရှိလာရသည့်အတွက် ပိုးသတ်ဆေးဓာတ်ကြွင်းလျော့ကျကင်းစင်စေရေး အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် သီးနှံမျိုးစုံစိုက်ပျိုးပြီး စပါးနှင့်ပဲသည် ဒုတိယအများဆုံး စိုက်ပျိုးကာ ပြည်ပသို့အများဆုံးတင်ပို့နေသည့် တိုင်းဒေသကြီး တစ်ခုဖြစ်၍ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အားလုံးပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရာတွင် ကမ္ဘာ့ဈေးကွက်၌ ဂုဏ်ယူဝင့်ကြွားစွာ ယှဉ်ပြိုင်ရောင်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် ဒေါက်တာ ခင်ခင်မာလာမြင့်တို့က သီးနှံကာကွယ်ရေးဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါက်တာ ရီရီချိုက မျိုးစေ့ထုတ်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါက်တာ ဝင်းသန်းက ပိုးမွှားရောဂါအကြောင်းသိကောင်းစရာနှင့် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါ်မြင့်မြင့်မော်က လယ်ယာမြေပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများကိုလည်းကောင်း၊ ဒေါက်တာ ခင်အေးပွင့်ခိုင်က ပေါင်းမြက်ကြောင့် သီးနှံအထွက်နှုန်းထိခိုက်မှုဆိုင်ရာ အသိပညာများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ပတ်သက်၍ တောင်သူအသိပညာပေး စာစောင်များကို လှည့်လည်ကြည့်ရှုပြီး တက်ရောက်လာသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ မြို့နယ် ၁၄ မြို့နယ်မှ တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ရောင်းချသည့် ကုမ္ပဏီများ၊ ပို့ကုန်လိုင်စင်ရကုမ္ပဏီများနှင့် စိုက်ပျိုးရေးပညာရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် လူစည်ကားရာဈေးများ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲပေးစက်ဖြင့် ဆန္ဒမဲပေးမှုသရုပ်ပြသခြင်းနှင့် ပထမအကြိမ်မဲစာရင်းထုတ်ပြန်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အသက်(၇၀) နှစ်နှင့်အထက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း၊ အတွင်းရေးမှူးဟောင်း၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း၊ ဒိုင်လူကြီးဟောင်းများအား ဂါရဝပြု ကန်တော့



ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ဦးဆောင်သည့် မြန်မာ့ဘောလုံးမိသားစုသည် နှစ်စဉ် ပြုလုပ်လျက်ရှိသည့် အသက်(၇၀) နှစ်နှင့်အထက် ဥက္ကဋ္ဌဟောင်းများ၊ အတွင်းရေးမှူး ဟောင်းများ၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းကြီးများ၊ ဒိုင်လူကြီးဟောင်းများအား ဂါရဝပြု ကန်တော့ပွဲကို အောက်တိုဘာ ၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF Futsal Stadium ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန်တော့ခံ ပုဂ္ဂိုလ်များအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီဝင်များ၊ ကလပ်အသင်းပိုင်ရှင်များ၊ ဖူဆယ်ကော်မတီနှင့် ဖူဆယ်လိဂ်အဖွဲ့ဝင်များ၊ နည်းပြများ၊ မြန်မာ့လက်ရွေးစင်ကစားသမားများနှင့် ဝန်ထမ်းများက ဂါရဝပြု လက်ဆောင်များဖြင့် ဝါကျွတ် ကန်တော့ကြသည်။ ယင်းနောက် ကန်တော့ခံ ပုဂ္ဂိုလ်ကြီးများကိုယ်စား မြန်မာ့လက်ရွေးစင်ဟောင်း ဦးစိုးမြင့်က ဆုံးမဩဝါဒစကား ပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က ဩဝါဒစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အနေဖြင့် ကန်တော့ခံ ပုဂ္ဂိုလ်ကြီးများ စုစုပေါင်း ၁၂၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ၊ မြန်မာ့လက်ရွေးစင် အသင်းဂျာစီများဖြင့် ဝါကျွတ် ဂါရဝပြု ကန်တော့ခဲ့သည်။

သတင်း–ကိုညီလေး
ဓာတ်ပုံ–MFF

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

# ဒီပြိုင်ပွဲကြီးက ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ဖော်ထုတ်ထိန်းသိမ်းပေးတာမို့ အတွေ့အကြုံသစ်တွေလည်း အများကြီးရသလို ပျော်လည်းပျော်ပါတယ်

**မိုမိုမင်းဦး (ခ) ဖြူလုံး**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-


မောင်ဟံသာမင်း


မမေသူကျော်


မောင်ထက်လျှံခန့်


မသန္တာကျော်ဝင်း


မိုမိုမင်းဦး(ခ)ဖြူလုံး


မစစ်လွန်းဝတီဦး


မနန်းခိုင်သဇင်

**မမေသူကျော်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာအဆင့်(၁၀-၁၅)**
**ဒုံမင်းအတီးပြိုင်ပွဲ**

ပြိုင်ပွဲမယှဉ်ပြိုင်ခင် တစ်လလောက် ကြိုတင်ပြင်ဆင်လေ့ကျင့်သင်ကြားခဲ့ပါတယ်။ အသက်ကတော့ ၇ နှစ် ၈ လရှိပြီဖြစ်ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒုံမင်းအတီး(၁၀-၁၅) အဆင့် ပြိုင်ပွဲထဲမှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲဝင်တွေက ကိုယ့်ထက်ကြီးတဲ့ သူတွေနဲ့ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပပေးတာကြောင့်လူငယ်မျိုးဆက်သစ်တွေ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို နှစ်သက်မြတ်နိုး တန်ဖိုးထားပြီး ဆက်လက်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

**မောင်ဟံသာမင်း**
**မွန်ပြည်နယ်ကိုယ်စားပြု**
**မဟာဂီတ(၁၀-၁၅)**

ဗဟိုအဆင့်ကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်တွေကနေ အများကြီးကြိုးစားယှဉ်ပြိုင်ခဲ့ရပါတယ်။ သီဆိုယှဉ်ပြိုင်နိုင်ဖို့ လေ့ကျင့်ရင်း အသံတွေနာနေတော့ ဆေးခန်းတွေ ခဏခဏသွားရောက်ရင်း အသံနာနာနဲ့ ယှဉ်ပြိုင်ခဲ့ရပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကျောင်းအုပ်ဆရာကြီး၏တွန်းအားပေးမှုကြောင့် ဝင်ရောက် ယှဉ်ပြိုင်ဖြစ်တယ်။ အခုလို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။

**မောင်ထက်လျှံခန့်**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**ခေတ်ဟောင်းကာလပေါ်**
**(၁၀-၁၅)**

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ တစ်လကြိုတင် စခန်းသွင်းကတည်းက အကောင်းဆုံးကြိုးစား ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ သီချင်းလေးပုဒ်နဲ့ ကြိုတင်လေ့ကျင့်ခဲ့ပါတယ်။ (၂၅)ကြိမ်မြောက်မှာတော့ ဗဟိုအဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတော့ မရရှိခဲ့ပါဘူး။ အရင်နှစ်အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး အခုနှစ်မှာတော့ အကောင်းဆုံးယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆု ရရှိဖို့ မျှော်မှန်းထားပါတယ်။ ဒီလိုပြိုင်ပွဲကြီးကနေ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာသီချင်းတွေ၊ မြန်မာသံစစ်စစ်တွေကို ကြားသိ၊ မြင်သိရတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပညာရပ်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းတန်ဖိုးထားပြီး စီစဉ်ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေ၊ နိုင်ငံတော်တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်မိပါတယ်။

**မစစ်လွန်းဝတီဦး**
**တနင်္သာရီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**(၁၀-၁၅)၊ အက**

(၂၄)ကြိမ်မြောက် ကတည်းက ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ ဗဟိုအဆင့်တော့မဟုတ်ပါဘူး။ ဆုတံဆိပ်အနေနဲ့က ဗဟိုမှာ မရရှိသေးပါဘူး။ အခု ဒီပြိုင်ပွဲအတွက် အများကြီး ကြိုးစားထားသလို ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိပါတယ်။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ကမေလလောက်ကတည်းက ပြင်ဆင်ခဲ့တာပါ။ ဝါသနာအရ ဝင်ရောက် ယှဉ်ပြိုင်တာဖြစ်ပြီး ရှေ့ဆက်ပြီးလည်း ပြိုင်ပွဲတွေ ဝင်ရောက် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အခုဒီပြိုင်ပွဲကြီးမှာ ကိုယ်ဝါသနာပါရာ အနုပညာတွေကို ချပြခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မိုမိုမင်းဦး(ခ)ဖြူလုံး**
**ရှမ်းပြည်နယ်ကိုယ်စားပြု**
**(၁၀-၁၅)၊ အက**

သမီးက (၂၃)ကြိမ်မြောက်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အခုက လေးကြိမ်မြောက်ဝင်ပြိုင်ဖြစ်တာပေါ့။ အရင်ကတော့ ဆိုင်းအဖွဲ့လိုက်မှာ ရွှေနှစ်ခု ရခဲ့ပါတယ်။ ဒီပြိုင်ပွဲအတွက် တစ်လလောက် လေ့ကျင့်ပြင်ဆင်ချိန်ရခဲ့ပြီးတော့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတတယ်။ သမီးအသက်ငါးနှစ်လောက် ကတည်းက အကကို စတင်လုပ်ဆောင်ခဲ့တာပါ။ ဆက်လက်ပြီးလည်း အကပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ဒီပြိုင်ပွဲကြီးက ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ဖော်ထုတ် ထိန်းသိမ်းပေးတာမို့ အတွေ့ အကြုံသစ်တွေလည်း အများကြီးရသလို ပျော်လည်း ပျော်ပါတယ်။

**မနန်းခိုင်သဇင်**
**ကရင်ပြည်နယ်ကိုယ်စားပြု**
**(၁၅-၂၀)၊ အက**

ဆို၊ က၊ ရေး၊ တီးကို ဝင်ပြိုင်တာက အခုပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အခုလိုမျိုးဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာလည်း အားရကျေနပ်မှုရှိပါတယ်။ ဒီပြိုင်ပွဲမှာက တခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြိုင်ဘက်တွေရဲ့ ယှဉ်ပြိုင်မှုကလည်း အတော်ကောင်းတော့ ဆုတံဆိပ်အတွက် ခန့်မှန်းလို့ မရနိုင်သေးဘူးပေါ့။ ဒီထက်မက ပိုကြိုးစားပြီးတော့ ပြိုင်ပွဲတွေလည်း ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်သွားမှာပါ။ ငယ်ငယ်ကတည်းက အကကို ဝါသနာပါခဲ့တာဆိုတော့လေ။ ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ရတဲ့အခါမှာ အတွေ့အကြုံသစ်တွေရရှိခဲ့ပါတယ်။

**မသန္တာကျော်ဝင်း**
**မွန်ပြည်နယ်ကိုယ်စားပြု**
**မဟာဂီတ**

ပြိုင်ပွဲဝင်ရောက် မယှဉ်ပြိုင်ခင် သီချင်းလေးပုဒ်နဲ့ ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ ခေတ်လူငယ်တွေဖြစ်တဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ နှစ်သက်တဲ့အတွက် မဟာဂီတကို ရွေးချယ်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုလည်းဖြစ်တဲ့ သီချင်းတွေကို သေချာခံစားနားထောင်ကြည့်မယ်ဆိုရင် အနှစ်သာရ များစွာရှိတဲ့အတွက် နှစ်သက်မြတ်နိုးမိပါတယ်။ လူကြီးတွေ ထိန်းသိမ်းခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ယနေ့ခေတ်လူငယ် မျိုးဆက်သစ်တွေအနေနဲ့ ဆက်လက်ထိန်းသိမ်းသွားရမယ်လို့ ထင်မြင်မိပါတယ်။ တူရိယာ အမျိုးအစားတွေကို လေ့လာသင်ယူရာမှာလည်း နည်းစနစ်များစွာ၊ တန်ဖိုးများစွာရှိတဲ့အတွက်လေ့လာသင်ယူပြီး မပျောက်ပျက်သွားအောင် ဆက်လက်ထိန်းသိမ်းကြဖို့ ပြောချင်ပါတယ်။ ပြိုင်ပွဲကြီးကို ကျင်းပပေးလို့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - လင်းရာမ**
**ဓာတ်ပုံ - ကိုထက်**

---

**❂ ကျောဖုံးမှ**

ယနေ့တွင် ကျောင်းလာရောက် အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၇၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၂၁ ဦး အထိ ရှိပြီဖြစ်ပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသမှ ကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားလျက်ရှိကြောင်းသိရသည်။ အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

**ကျန်းမာရေးစောင့်ရှောက်မှု**
**လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၅၇ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ ငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❖ Professional မှ**

တိုင်းဒေသကြီး ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာ ဘိလိယက်နှင့် စနူကာအားကစားလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူး မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းထက်မွန်၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူးက လက်ရည်စမ်းပြိုင်ပွဲအတွက် အုပ်စုမဲနှိုက်ပေးပြီး ပြိုင်ပွဲစတင်ကျင်းပရာ အုပ်စု(က)တွင် ဦးပေါက်စ၊ တေဇာအောင်၊ အေးမင်းနှင့် အုပ်စု(ခ)တွင် ဦးအောင်ဌေး၊ ဦးနေသွေးဦး၊ ကျော်စွာဝင်းတို့ ပါဝင်ကာ ပထမပွဲစဉ်(၁)အဖြစ် ဦးပေါက်စနှင့် တေဇာအောင်တို့ကလည်းကောင်း၊ ပွဲစဉ်(၂)အဖြစ် ဦးအောင်ဌေးနှင့် ဦးနေသွေးဦးတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်အထိကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုံရွာမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာကန် အနီး ဗိုလ်ချုပ်လမ်းမကြီး၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာကျောင်းများမှ ဘင်ခရာ/ပန်းဖွားအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အသိပညာပေး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ဘင်ခရာ/ပန်းဖွားအဖွဲ့ များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မုံရွာမြို့ မုံရွာတောင်ရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုများကို သွားရောက်ကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှန်ကန်စွာပါရှိစေရေး၊ မဲစာရင်းမပါရှိသည့် ပြည်သူများအား သတ်မှတ်ပုံစံများဖြင့် စနစ်တကျရေးသွင်း လျှောက်ထားစေပြီး မဲဆန္ဒရှင်စာရင်း၌ ပါဝင်အောင်ဆောင်ရွက်ပေးရေးနှင့် အချက်အလက်မှားယွင်းမှုများ တွေ့ရှိပါက ပြင်ဆင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





## မကွေးမြို့၌ ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစကာစိုက်ထူပွဲ ကျင်းပ

**မကွေး အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေသည့် ပြည်သူလူထုအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက မကွေးမြို့ ဗိုလ်ချုပ်လမ်း ဗိုလ်ချုပ်ပန်းခြံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**မော်လမြိုင် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး ပြည်သူလူထုအတွက် ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ ပြည်နယ်ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့" အသိပညာပေး မြေစိုက်ပိုစတာကို ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေပေးအပ်သည်။ **စည်သူ(ပြန်/ဆက်)**



## လှိုင်ကော်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ မြို့နယ်ခန်းမရှေ့၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ အနေဖြင့် ဒီမိုကရေစီ အခြေခံအုတ်မြစ် တောင့်တင်းခိုင်မာစေရေးအတွက် မပျက်မကွက် ပါဝင်ဆန္ဒမဲပေးကြရန်နှင့် နိုင်ငံ့အကျိုး၊ မိမိတို့ ပြည်နယ်အကျိုးနှင့် ပြည်နယ်သူ ပြည်နယ်သားများ အကျိုးကို ထမ်းရွက်နိုင်သည့် အရည်အချင်း ပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အဂတိတရား ကင်းရှင်းစွာ ရွေးချယ်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသိပညာပေး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာများကို လှိုင်ကော် မြို့နယ်ခန်းမရှေ့ သီရိမင်္ဂလာဈေးနှင့် နောင်ယားကန်သာ စသည့် လူစည်ကားရာ နေရာများတွင် စိုက်ထူထားရှိမည် ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ကျောက်တံတားမြို့နယ်၌ ရွေးကောက်ပွဲ မြေစိုက်ပိုစတာစိုက်ထူ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက်ပိုစတာများကို ယနေ့နံနက် ၈ နာရီက စတင်စိုက်ထူကြသည်။

ထိုသို့ စိုက်ထူရာတွင် မြေစိုက်ပိုစတာကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ အနော်ရထာလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်တို့တွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူ



**ကြည့်မြင်တိုင်**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း-(ဆိပ်ကမ်းသာပန်းခြံရှေ့)၊ဗားကရာလမ်း၊-(ထီးတန်းဈေးရှေ့)၊ လဟာပြင်ညဈေးရှေ့နှင့် အထက်ကြည့်မြင်တိုင်လမ်းမနှင့် ဟံသာဝတီလမ်းထောင့်တို့၌ “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” မြေစိုက်ပိုစတာဆိုင်းဘုတ် များကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက စိုက်ထူးကြသည်။

ပိုစတာများစိုက်ထူရာသို့ အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် ကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်စိန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



**အလုံ**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း၌ ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာ “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” မြေစိုက်ပိုစတာများကို အောက်တိုဘာ ၉ ရက်က နေရာလေးနေရာခွဲ၍ စိုက်ထူကြသည်။

ဧရာဝတီရပ်ကွက် ကမ်းနားလမ်းနှင့် သခင်မြပန်းခြံလမ်းထောင့်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ စောရန်ပိုင်တောင်ရပ်ကွက် ငုဝါလမ်းနှင့်သစ်တောလမ်းထောင့်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်များ၊ စောရန်ပိုင်တောင်ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမရှိ အထက(၅)ကျောင်းရှေ့နှင့် ဆင်မင်းရပ်ကွက် ကွင်းကျောင်းလမ်း ကွင်းကျောင်းအားကစားကွင်းရှေ့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမြလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးဥက္ကဋ္ဌများက စိုက်ထူပေးခဲ့ကြကြောင်း သိရသည်။ **သျှင်ဝင်းသျှင်**



**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အတွင်းရေးမှူး ဦးပြည့်ဖြိုးမိုးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီဝင်များက ဆိုင်းဘုတ်အား စိုက်ထူပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**စမ်းချောင်း**

စမ်းချောင်းမြို့နယ်အတွင်း လူထုပညာပေးလှုံ့ဆော်ရေးဆောင်ပုဒ်ဖြစ်သည့် “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ ”မြေစိုက်ပိုစတာများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက လိုက်လံစိုက်ထူကြသည်။

ထိုသို့စိုက်ထူရာတွင် အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရှိဌာနဆိုင်ရာတို့မှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဗားကရာလမ်းနှင့်ပြည်လမ်းထောင့် (ပဒုမ္မာပန်းခြံရှေ့)၊ ဗားကရာလမ်းနှင့် ဗဟိုလမ်းထောင့်(ခတ်ဆီဆိုင်ရှေ့)၊ ကျွန်းတောလမ်းနှင့်ဗားကရာလမ်းဆုံတို့တွင်စိုက်ထူ၍ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်နိုင်ရေး လူထုအသိပညာပေးပိုစတာစိုက်ထူပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အရှေ့ပြင်ရပ်ကွက် ကန်တော်မင်္ဂလာခန်းမရှေ့တွင် ကျင်းပသည်။

ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနန္ဒကျော်သူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်နှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



**ဓနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” မြေစိုက်ပိုစတာစိုက်ထူပွဲကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အမှတ်(၁၁)ရပ်ကွက်အကျော်တာလမ်းမကြီးဘေး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်၍ အဆိုပါမြေစိုက်ပိုစတာအား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**





**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးခွင့်မဆုံးရှုံးစေရန် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ နှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာများ စိုက်ထူပွဲကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မြို့ပေါ်လူစည်ကားရာနေရာများတွင် ပြုလုပ်သည်။

ဦးစွာ မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနီး၌ မြေစိုက်ပိုစတာဖွင့်ပွဲပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ သာစည်မြို့ စည်ပင်သာယာပန်းခြံရှေ့နှင့် မြို့မစည်ပင်သာယာဈေးကြီးအနီးတို့တွင် မြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**တိုက်ကြီး**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးနှင့် ဆန္ဒမဲပေးနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်ကာ အသိပေးဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်-ပြည်လမ်းနှင့် စုပေါင်းရုံးလမ်းထောင့် လူစည်ကားရာနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ဆိုင်းဘုတ်အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင် ဦးဝင်းဆွေ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **မြို့နယ်(ပြန်/ဆက်)**



**လှိုင်သာယာ**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လူထုအသိပညာပေးမြေစိုက်ပိုစတာကိုအောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အမှတ်(၈)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ကျွန်စစ်သားလမ်းထောင့် ရုံးရှေ့လမ်းဆုံတွင် စိုက်ထူသည်။

အဆိုပါ အသိပညာပေးဆိုင်းဘုတ်ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စုပေါင်းစိုက်ထူကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် အောက်တိုဘာ ၉

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကိုအောက်တိုဘာ၁၀ရက်(သောကြာနေ့) ည၉နာရီခန့်တွင်မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

(၁၀၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီများရှင် ရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီညီမြင်းလွင်၊ မိုးယံဇွန်၊ ပိုင်စစ်မှူး၊ တာရာလင်းလက်၊ အကယ်ဒမီ ခင်သီတာထွန်း၊ အကယ်ဒမီများရှင်မေသန်းနု၊ ဆုပန်ထွာ၊ ခြူးစစ်ဟန်၊ သဒ္ဒါနန်းထိုက်၊ ဆောင်းယွန်းစံ၊ သော်တာလှိုင်ထွန်းနှင့် မေရီဝင်းတို့က အောင်မြင်ကျော်ကြားခဲ့သည့် ရုပ်ရှင်ဇာတ်ဝင်တေးများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် အောက်တိုဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၉

"ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၁ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မင်္ဂလာတောင်ညွန့် မူလတန်းကြိုကျောင်းနှင့် ကန်ရိပ်သာ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း အောက်တိုဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV – HD Channel တွင် အောက်တိုဘာ ၁၃ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

ဆရာအတတ်ပညာရေးဦးစီးဌာန ရန်ကုန်ဇုန်- ၂ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက်နံနက်ပိုင်းက ဒေါပုံမြို့နယ် အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား ၁၂ သင်း အမျိုးသမီး ၁၄ သင်း ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

လှလှထွေး



မကွေးတိုင်းဒေသကြီး သရက်ခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၉ ရက်တွင် သရက်မြို့ရှိ စားသောက်ဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး၍ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ အသင့် ရှိ/မရှိ နှင့် အရေးပေါ်ထွက်ပေါက်များ ဆောင်ရွက်ထားရှိမှု စနစ်ကျနခြင်း ရှိ/မရှိ စစ်ဆေးအကြံပြု ဆောင်ရွက်ကြစဉ်။

လင်းခန့်



○ အမျိုးသမီးမှ

ရိုးမားအမျိုးသမီးအသင်းအတွက် ချေပဂိုးနှစ်ဂိုးကိုတော့ ဗီယန်နဲ့ ဟာဗီတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ် အမျိုးသမီးအသင်းကတော့ စိန့်ပိုလ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး အက်သလက်တီကို အမျိုးသမီးအသင်းက ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ် အမျိုးသမီးအသင်းအတွက် သွင်းဂိုးတွေကို ဂါဘယ်လီနီက တစ်ဂိုး၊ မီဒီနာကတစ်ဂိုး၊ လူအန်နီကတစ်ဂိုး၊ ဘိုးရီဆာက တစ်ဂိုး၊ ဖီယန်မာဘင်နီတက်ဇ်က နှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခြားသော အမျိုးသမီးချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ မန်ယူအမျိုးသမီးအသင်းက ဗာလီရန်ဂါ အမျိုးသမီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပေမယ့် ပီအက်စ်ဂျီအမျိုးသမီးအသင်းကတော့ ဝုလ်ဖ်ဘတ်အသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## စာအုပ်စာပေ လူ့မိတ်ဆွေ

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၆၊ မြေကွက်အမှတ်- ၄၅၆၊ မြေကွက်တည်နေရာ အမှတ်- ၄၅၆၊ မိုးမခလမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက် (ဦးတင်မြင့် CI-042758) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ၊ ဂရန်အမည်ပေါက် ဦးတင်မြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင်ဇနီးတော်စပ်သူ ဒေါ်သက်တင် [၁၂/လမန(နိုင်) ဝ၂ဝ၁၂၈]မှ ဇနီးတော်စပ်ကြောင်း၊ အခြားဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ပါ အကျိုးခံစားခွင့်များအား မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ မိမိသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ တစ်ထပ်သွပ်မိုးအုတ်ညှပ်တစ်လုံးရှိပြီး လူမနေဘဲ လျှောက်ထားသူမှ သော့ဖွင့်ပြကာ ကွင်းဆင်းဖောင်တွင် လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်သက်တင်မှ ပိုင်ဆိုင်ကြောင်း စာအုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ဇလွန်မြို့ပေါ်ရှိ တည်းခိုရိပ်သာအား မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ဇလွန် အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနက ညောင်ပင်ဈေးရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရွှေစန္ဒာ တည်းခိုရိပ်သာအား ယနေ့နံနက်ပိုင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးဆောင်ရွက်သည်။

### အသိပညာပေးဟောပြော

ထိုသို့စစ်ဆေးရာတွင် ဇလွန်မြို့နယ် လက်ထောက်မီးသတ်ဦးစီးမှူး ဦးပြည့်စုံအောင်နှင့် သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့များက တည်းခိုရိပ်သာတို့တွင် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု စနစ်တကျ ရှိ၊ မရှိ စစ်ဆေးကာ ဆောင်ရန်၊ ရှောင်ရန်



အချက် များနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

**"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်တောင်ပိုင်းမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ နတ်မောက်လမ်း၊ မြေကွက်အမှတ်(၁၄၂၉) ဂရန်မြေအမျိုးအစား အကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အလျား ၂၀ပေ x အနံ ၆၀ပေ ခေါင်းရင်းခြမ်းရှိ မြေလွတ်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော ၂ ထပ်ခွဲ RC တိုက် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မြတ်နိုးဦး [၁၂/ဥကတ(နိုင်)၁၆၃၇၆၁]ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှဲ့လှဲ့စိုး [၅/ခဥတ(နိုင်)ဝ၆၇၄၉၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါမြေနှင့်အိမ်အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့စိုး[၅/ခဥတ(နိုင်)ဝ၆၇၄၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုမိုး (LL.B)(D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၈၀)**
**အမှတ်(၁၂-အင်န်)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့ ။ ဖုန်း-၀၉-၂၅၄၄၂၈၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၆၁/၂ ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်အမှတ် (6B)ထပ်၊ အခန်းအမှတ် (၆၀၇) အကျယ်အဝန်း (၆၀၀)စတုရန်းပေ၊ တိုက်ခန်းတစ်ခန်းနှင့် လူနေခွင့်အပါအဝင် တိုက်ခန်းရောင်းဝယ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ တိုက်ခန်းရောင်းချသူ ဒေါ်မြရည်လဲ့ခိုင် [၁၂/အစန(နိုင်) ၁၇၆၀၁၈]သည် တိုက်ခန်းပိုင်ဆိုင်ကြောင်း၊ တိုက်ခန်းအရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူလျက် ကျွန်တော်၏ မိတ်ဆွေ ဒေါ်စန္ဒာအောင် [၁၁/သတန(နိုင်)၀၄၉၀၄၅]အား ရောင်းချမည်ဟု ကမ်းလှမ်းရာ ဝယ်သူကလည်း ဝယ်ယူရန် သဘောတူပါသဖြင့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

၂။ တိုက်ခန်းရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက သတင်းစာကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိုက်ခန်းပိုင်ဆိုင်မှုမူရင်းဆက်စပ်စာချုပ် မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးချစ် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၈၄၅)**
**အမှတ် (၃၁)၊ မြေညီထပ်၊ (၉)လမ်း၊ (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၇၇၂၆၅၂၄၁၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၇)၊ ဘောဂလမ်း၊ မြေကွက်အမှတ်– ၄၆၉၊ ဒေါ်ကေသီ (ISN–416336) [၈/မလန(နိုင်)၀၀၆၄၁၅] အမည်ပေါက် ပါမစ်မြေအကျယ်အဝန်း (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ ခြေရင်းခြမ်းမြေနှင့် နေအိမ်၊ ရေအပါအဝင် အကျိုးခံစားခွင့်အားလုံးအား ဆက်စပ်စာချုပ်များအရ ဒေါ်သဲအူ [၁၄/မအပ(နိုင်)၁၆၆၈၉၈]မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

**ဒေါ်ဇင်မာလင်း[၇/ပတန(နိုင်)၁၀၆၀၈၂]၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၈၈၁)**
**ဖုန်း – ၀၉–၄၂၁၁၃၇၄၆၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးပြည့်စိုးမောင် [၇/ထတပ(နိုင်)၀၄၉၉၉၈]၊ ဒေါ်အေးသက်ဝေ[၁၂/တတန(နိုင်)၁၆၆၁၆၇]တို့ လွှဲအပ်ညွှန်ကြားသည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာ၊ ရွှေမဥ္ဇူလမ်း၊ အမှတ်(၂၉၉)နေ ဦးပြည့်စိုးမောင် [၇/ထတပ(နိုင်)၀၄၉၉၉၈]၊ ဒေါ်အေးသက်ဝေ [၁၂/တတန(နိုင်)၁၆၆၁၆၇]တို့၏ သားဖြစ်သူ မောင်မိုးယံလင်းထက် [၁၂/တတန(နိုင်)၂၈၈၉၄၆]သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးတို့အား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စများအပါအဝင် လူမှုရေးအရှုပ်အရှင်းနှင့် အခြားမည်သည့်ကိစ္စများကို မိဘများအနေဖြင့် တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မောင်မိုးယံလင်းထက်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးပြည့်စိုးမောင်** | **ဒေါ်ဌေးဌေးမြင့်(LL.B)** |
| **[၇/ထတပ(နိုင်)၀၄၉၉၉၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၁၃)** |
| **ဒေါ်အေးသက်ဝေ** | **အမှတ်(၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊** |
| **[၁၂/တတန(နိုင်)၁၆၆၁၆၇]** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း– 09–250027539, 09–766190875** |

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်–၅၉၊ ဦးပိုင်အမှတ်– ၄၅/ဇ၊ မြေချိန်ဧရိယာ(၀.၀၅၄)ကေရှိ ဘိုးဘွားပိုင်မြေကွက်သည် ဦးသန်းညွှန့်နှင့် ဒေါ်တင်ရီ အမည်ပေါက်ပြီး ဦးသန်းညွှန့် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်တင်ရီမှ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်–(၆၆/၂၀၂၅)အရနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ် (၆၇/၂၀၂၅)တို့ဖြင့်ပိုင်ဆိုင်၍ ၎င်းမှ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်– ၁၇၆/၂၀၂၅ ဖြင့် သမီးဖြစ်သူ ဒေါ်အေးအေးမော်ထံသို့ အပြီးအပိုင်ပေးကမ်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား ဒေါ်အေးအေးမော်၏ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၃၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ–၂၅)၊ ဦးပိုင်အမှတ်(၄၁)၊ ၆၀(B)x၆၁ လမ်းကြား၊ ၁၃၉x၁၄၀ လမ်းကြားရှိ ဗိုလ်မှူးလူမော် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးထက်ပိုင်က တရားပြိုင် ဦးလူမော် (၎င်း၏ SP ရရှိသူ ဦးထွန်းထွန်းမြင့်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၄၅/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးထက်ပိုင် [၁၄/နေဖ (နိုင်) ၁၂၂၈၁၀၀]က ဂရန်စာချုပ်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကွန်ဒိုတိုက်ခန်းအား ဝယ်ယူပြီးစီးပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (1–B)၊ မြေဧရိယာ (၃၅၀)ကေပေါ်တွင် ဆောက်လုပ်ထားသော Star City (ကြယ်စင်အိမ်ရာစီမံကိန်း)ရှိ City loft (Affordable housing) အတွင်းရှိ 8th Stoteyed R.C Building (ခုနစ်ထပ်တိုက်) Tower B–2 အဆောက်အအုံရှိ တိုက်အမှတ်(CL–2)၊ ၇–လွှာ တိုက်ခန်းအမှတ် (၇၀၉)၊ Type (Bedroom) City Loft ဗုန်၊ ဧရိယာ (၇၁၀)စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းကို စာချုပ်နံပါတ်– CL–1095–P ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်အေးနန်း [၁၃/လရန (နိုင်) ၁၃၀၄၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင်[၁၂/အစန(နိုင်) ၂၁၅၃၈၅]က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသာလျှင် အဆိုပါ ကွန်ဒိုအခန်းအား ရောင်းချ၊ ပေါင်နှံခွင့်ရှိသူဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်းခွင့်ပြုချက်မရှိဘဲ စရန်ငွေများပေးချေထားခြင်း၊ အပေါင်ပစ္စည်းအဖြစ် လက်ခံထားခြင်းများရှိပါက ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်[၁၂/အစန(နိုင်)၂၁၅၃၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၆၀၆)**
**အမှတ်–(၂၈၂)၊ မင်းခေါင်–၁လမ်း၊(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉– ၄၂၁၁၃၁၉၀၂**

## တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁) ရပ်ကွက်၊ (၃၂)လမ်း၊ အမှတ် (၂၃၃/၂၃၅) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၄–လွှာ၊ တတိယထပ် (တိုက်အားမျက်နှာမူလျှင် လက်ဝဲဘက်) အကျယ်အဝန်း (၂၀x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်နွှယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးလှအေး[၁၂/ပဘတ(နိုင်) ၀၃၂၁၇၇]၊ ဒေါ်ချောသီရိရွှေ [၁၂/ဗတထ (နိုင်) ၀၄၀၈၀၂]တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီကာ ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေအချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း မူရင်းအထောက်အထား ပြည့်စုံစွာဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမျိုးမြင့်အောင်** | **ဒေါ်လင်းလင်းသူ** |
| **LLB., WIPO (Switzerland)** | **LL.B,DBL(abe),DLS.,WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၇၅၅၈/၂၀၀၈)** | **(စဉ်– ၅၄၀၈၂/၂၀၂၀)** |

**အမှတ်–၁၅၃၊ (၅–လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၆၉၄၁၉၊ ၀၉–၉၅၅၁၆၉၄၁၉၊ ၀၉–၂၆၅၇၅၀၁၉၉**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ –၂၂) လှည်းကူးခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၄

| | | |
|---|---|---|
| မြန်မာဘီယာလုပ်ငန်းလီမိတက် (၎င်းကိုယ်စား Sales Distribution Manager ဦးသက်ဆွေ) | နှင့် | ဟောလ်မတ်(ခ်) ကုမ္ပဏီလီမိတက် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ်–၂၃ /၁၂၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ)တရားရှုံး ဟောလ်မတ်(ခ်)ကုမ္ပဏီလီမိတက် (HALLMARK COMPANY LIMITED ) သိစေရမည်။

ကမာရွတ်ခရိုင်တရားရုံးတော်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက် [၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၁)ရက်နေ့] မွန်းမတည့်မီ (၁၁)နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ် (၇၆)ကွင်းရပ်၊ ဦးပိုင်အမှတ် (၁၁၂)၊ ဧရိယာ (၀.၀၇၄)ကေရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန မှတ်ပုံတင် (၁–က)စာရင်းတွင် င်တင်နှင့် မယားမအေးမေတို့ (၂)ဦး အမည်ပေါက်ပါသည်။ ၎င်းတို့၏ အမွေစားအမွေခံများဖြစ်ကြသော ဒေါ်လှသန်း၊ ဒေါ်ခင်လေးမူ၊ ဒေါ်ခင်လေးသူ၊ ဒေါ်ခင်လေးဖြူ၊ ဦးထွန်းထွန်းဦး၊ မောင်ချစ်ကိုကို၊ မနှင်းပွင့်ဖြူ၊ မောင်ဗိုလ်ဗိုလ်မောင်၊ မောင်ကောင်းမြတ်ထူး၊ မောင်အောင်မြင့်မြတ်တို့(၁၀)ဦးက "အိမ်နှင့်မြေကွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသည့်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်– ၅၈၀/ ၂၀၂၄ အရ ချုပ်ဆိုကြေညာခဲ့ကြပါသည်။ ၎င်းတို့(၁၀)ဦးအနက် ဒေါ်ခင်လေးမူ၊ ဒေါ်ခင်လေးသူ၊ ဒေါ်ခင်လေးဖြူ၊ ဦးထွန်းထွန်းဦး၊ မောင်ချစ်ကိုကို၊ မနှင်းပွင့်ဖြူ၊ မောင်ဗိုလ်ဗိုလ်မောင်၊ မောင်ကောင်းမြတ်ထူး၊ မောင်အောင်မြင့်မြတ်တို့ (၉)ဦးက ဒေါ်လှသန်းသို့ "အိမ်နှင့်မြေကွက် အမွေပိုင်ဆိုင်မှုအပေါ်တွင် မိမိတို့၏ပိုင်ဆိုင်မှုကို အပြီးအပိုင် စွန့်လွှတ်ပေးသည့်ကတိစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်– ၅၇၆/၂၀၂၄ အရ စွန့်လွှတ်ပေးခဲ့ကြပါသည်။ ထို့နောက် ဒေါ်လှသန်းထံမှ "မြေကွက်သက်သက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် – ၅၁၆/၂၀၂၅ အရ မရွှေဇင်အောင်က ဝယ်ယူခဲ့ပါသည်။ ယခုအခါ မရွှေဇင်အောင်က ၎င်း၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မရွှေဇင်အောင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃တိုးချဲ့)၊ မြေကွက်အမှတ်– (၄၃၇)၊ ဧရိယာ ၄၀ပေx ၆၀ပေ၊ (၂၄၀၀)စတုရန်းပေအကျယ်ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ၎င်းတည်ရှိသော အမှတ်– (၄၃၇)၊ ကမ်းပတ်လမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော ၎င်းမြေကွက်နှင့်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲမှုဌာနတွင် လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းအေး [၁၂/ကတတ(နိုင်)၀၀၃၀၆၅]မှ မိမိသာ တရားဝင်ပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆိုပါမြေကွက်ကို အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကြိုင် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၇၄၉)**
**တိုက်(၁)၊ အခန်း(၅၀၆)၊ သာယာရွှေပြည်အိမ်ရာ၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၄၁၆၈၈၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်( Galaxy Tower–2)၊ (၁၀)လွှာ၊ အခန်းအမှတ်(1004–A)၊ အကျယ်အဝန်း (၄၁၂) ဧရိယာစတုရန်းပေ ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး၊ ပရိဘောဂများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သဉ္ဇာမော် [၁၂/ပဇတ(နိုင်)၀၀၁၂၄၈]မှ ရောင်းချလိုကြောင်းကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းထွန်း [၁၂/ဒဂတ(နိုင်)၀၄၄၄၃၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး (LL.B)** | **ဒေါ်နှင်းယုဝေအေး (LL.B,LL.M,D.I.L)** | **ဒေါ်ခိုင်ခိုင်ဇော်(LL.B,D.I.P.L)** |
| **(စဉ်– ၁၈၅၀၃)** | **(စဉ်– ၁၈၂၃၇)** | **(စဉ်–၅၀၈၉၀)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၈၀)၊ မေတ္တာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၀၀၀၀၆၁၉၉၊ ၀၉–၇၉၉၀၈၂၁၁၅**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိန်သန်း၏ သား မျိုးမင်းထွေး [၁၂/တတန (နိုင်) ၁၈၉၂၇၆]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၂၆၄၀၉၉၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ–၆၇)၊ ဦးပိုင်အမှတ်(၄၉)၊ ၅၀x၅၁ လမ်းကြား၊ ၁၃၉x၁၄၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရဲထွေးအောင်ဝင်း [၉/ခအဇ (နိုင်)၀၀၆၂၆၄]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ–၁၃)၊ ဦးပိုင်အမှတ်(၁၀)ခဲစင်၊ ၁၁၆ လမ်း၊ ၅၃x၅၄ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းလွင် [၉/မနမ (နိုင်) ၀၄၃၇၃၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၈၆၈ / ၂၀၂၅–၂၀၂၆) ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သံတမန်ရပ်ကွက်၊ ခရေပင်လမ်း၊ Magical World Residence အဆောက်အဦ၏ Tower–C, Floor Level–12, Unit No. 8, အကျယ်အဝန်း (၃၉၁.၈၀)စတုရန်းပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို New World Development Co., Ltd. ထံမှ အပိုင်ရောင်းချသူ ဦးသုတဇော် [၁၂/ဒဂရ(နိုင်)၀၃၃၇၆၀]နှင့် ဦးကျော်ဇင်ဟိန်း [၁၂/ဥကမ(နိုင်)၂၄၂၂၅၉]တို့က ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုကြသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ထက်နွေး [၉/ပမန(နိုင်) ၂၁၅၃၂၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းတို့နှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအလုံးမောင်(B.A.(Eng.),R.L.)** | **ဦးထွန်းအေးမောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၆၆၁၀/၂၀–၇–၁၉၉၈)** | **(စဉ်–၇၈၄၉/၂၈–၁၀–၂၀၁၀)** |

**အမှတ်(၆၀)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၅၄၂၇၃၄၊ ၀၉–၇၅၈၄၀၃၇၆၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၂၅

| | | |
|---|---|---|
| ၁။ ဒေါ်အုံးအုံးမြိုင် | နှင့် | ဒေါ်တင်တင်အေး |
| ၂။ ဒေါ်သိမ့်ဇာလှိုင် | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်–၈၆၁ နေ ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုများက **"ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကိုမှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် ( ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ–၁၃)၊ ဦးပိုင်အမှတ်– ၁၄/၆၆x၆၇ လမ်းကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဒေါ်ခင်လှလှ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အေးမိစံက တရားပြိုင် ဒေါ်ခင်လှလှအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၄၁/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အေးမိစံ [၁၂/မဘန (နိုင်) ၀၈၄၀၂၉]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွားကျန်းမာရေးသူနာပြုဒီပလိုမာ
## (Diploma in Dental Nursing)
## (၂)နှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ၂၀၂၆ ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားကျန်းမာရေး သူနာပြုဒီပလိုမာ (Diploma in Dental Nursing) သင်တန်းသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

၁။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ (သိပ္ပံတွဲ)ရပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်သည့် (၂၈-၁၁-၂၀၂၅)ရက်နေ့တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (အခြေခံပညာအထက်တန်း / တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်)။
- (ဃ) အိမ်ထောင်မရှိသူ အပျို/လူပျို ဖြစ်ရမည်။
- (င) သင်တန်းတက်ရောက်အောင်မြင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက (၃)နှစ် ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေပေးဆောင်ရန် ကတိခံဝန်စာချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်-
- (က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)
- (ဂ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ဃ) ပညာအရည်အချင်း
- (င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်
- (စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲ ပေးပို့ရမည်-
- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၊ အောင်လက်မှတ်(မိတ္တူ) (၁)စောင်နှင့် ဘွဲ့လက်မှတ်မိတ္တူ (၁)စောင်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (၁)စောင်
- (ဂ) နိုင်ငံရေးနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံစာ(မူရင်း) (၁)စောင်
- (ဃ) အိမ်ထောင်မရှိသူ အပျို/ လူပျိုဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း) (၁)စောင်
- (င) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း) (၁)စောင်
- (စ) လျှောက်လွှာတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ကျောဘက်တွင်အမည်နှင့် မှတ်ပုံတင်အမှတ် ဖော်ပြရန်
- (ဆ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ထမ်းအကြီးအမှူး၏ ထောက်ခံစာ(မူရင်း) (၁)စောင်

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ အမှတ်(၅၈၂)၊ သံသုမာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၂၈-၁၁-၂၀၂၅)ရက်နေ့ထက် နောက်မကျဘဲ ပေးပို့လျှောက်ထားရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ (၂-၁၂-၂၀၂၅)ရက်နေ့တွင် ကြေညာထားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမည့်ကတ်များကို (၄-၁၂-၂၀၂၅) ရက်နေ့မှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ထုတ်ယူနိုင်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်-

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၅-၁၂-၂၀၂၅ ရက်၊ (သောကြာ)နေ့ |
| အချိန် | - | နံနက်(၉:၀၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီထိ |
| ဘာသာရပ် | - | မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတ(၃)နာရီ မေးခွန်းလွှာ(၁)စုံ |
| ကျင်းပမည့်နေရာ | - | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် |

၇။ အခြားစုံစမ်းမေးမြန်းလိုသည်များရှိပါက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ ဖုန်း- ၀၉-၄၄၈၀၄၃၅၂၀ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်(စ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၁၀၇လမ်း၊ ၆၇x၆၈လမ်းကြားရှိ ဦးအိုက်အွန် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၂၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုးစိုး၏ (GP ရရှိသူ ဦးကျော်မင်းထွန်း)၊ ဦးတင်ဇော်အောင်၏ (GP ရရှိသူ ဦးဟန်လင်းထူး)၊ ဦးထွန်းထွန်းအောင်၏ (GP ရရှိသူ ဦးအေးမောင်)၊ ဦးအုံ့မော်မြင့်တို့ (၄)ဦးအနက် ဦးစိုးစိုးပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၀၆၃/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဦးအုံ့မော်မြင့် [၉/ပဥလ (နိုင်)၀၀၄၆၀၉]က အမှုတွဲအမှတ် (၂၈၇၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာ
## (Diploma in Dental Technology)
## (၂)နှစ်သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ သွားတုလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းဌာနတွင် ၂၀၂၆ ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာသင်တန်းသို့ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

၁။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ သိပ္ပံတွဲ့ရရှိသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၂၈-၁၁-၂၀၂၅)ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။
- (င) သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
- (စ) သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သတ်မှတ်သင်တန်းကြေးများ ပေးသွင်းရမည်။
- (ဆ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက မည်သည့်ဒေသတွင်မဆို (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဇ) နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သင်တန်းတက်ရောက်ခွင့်ရရှိပါက သင်တန်းကာလတစ်လျှောက် မိခင်ဌာနမှ တာဝန်ချိန် (Deputation) သတ်မှတ်ပေးပြီး အချိန်ပြည့် စေလွှတ်တက်ရောက်နိုင်သူဖြစ်ရမည်။
- (ဈ) နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ည) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေ ၃၀၀၀၀၀၀/- (ကျပ်သုံးသိန်းတိတိ)ကို ပေးလျော်ရန် ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြရမည်-
- (က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)
- (ဂ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဃ) ပညာအရည်အချင်း
- (င) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်
- (စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာနနှင့် အမှုထမ်းသက် အပြည့်အစုံ

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ် (မိတ္တူ)
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်(မိတ္တူ)
- (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း၏ထောက်ခံချက်
- (ဃ) (၆)လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံ ဓာတ်ပုံ(၂)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်ဖော်ပြရန်)
- (င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်(မူရင်း)
- (စ) လျှောက်လွှာတွင်ဖော်ပြထားသည့်အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့ (၂၈-၁၁-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ရမည်။ လျှောက်လွှာပိတ်ရက်ထက်နောက်ကျပြီး ပေးပို့သော လျှောက်လွှာများ၊ သတ်မှတ်ချက်မပြည့်စုံသော လျှောက်လွှာများ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ တစ်ဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ (၅-၁၂-၂၀၂၅)ရက်နေ့တွင် ကြေညာထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၈-၁၂-၂၀၂၅) ရက်နေ့တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ ထုတ်ယူနိုင်သည်။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

| | | |
|---|---|---|
| နေ့ရက် | - | ၉-၁၂-၂၀၂၅ရက်၊ (အင်္ဂါ)နေ့ |
| အချိန် | - | နံနက်(၉:၀၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီထိ |
| ဘာသာရပ် | - | မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတ(၃)နာရီ မေးခွန်းလွှာတစ်စုံ |
| ကျင်းပမည့်နေရာ | - | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် |

၈။ အသေးစိတ် သိရှိလိုပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ဖုန်း-၀၉-၄၄၈၀၄၃၅၂၀ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်(စ-၁)၊ ဦးပိုင်အမှတ်(၁၇)၊ ၁၀၇လမ်း၊ ၆၇x၆၈လမ်းကြားရှိ ဦးအိုက်အွန် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၂၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုးစိုး၏ (GP ရရှိသူ ဦးကျော်မင်းထွန်း)၊ ဦးတင်ဇော်အောင်၏ (GP ရရှိသူ ဦးဟန်လင်းထူး)၊ ဦးထွန်းထွန်းအောင်၏ (GP ရရှိသူ ဦးအေးမောင်)၊ ဦးအုံ့မော်မြင့်တို့ (၄)ဦးအနက် ဦးစိုးစိုးပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၀၆၄/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဦးအုံ့မော်မြင့် [၉/ပဥလ (နိုင်)၀၀၄၆၀၉]က အမှုတွဲအမှတ်(၂၈၇၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန် ကြေညာခြင်း"

**ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၄)လမ်း၊ အမှတ်-၄၉၈-၃(အေ)နေ ဦးအောင်ဇော်ဇော်လင်း(ဘ)ဦးတင်လှ၊ မှတ်ပုံတင်အမှတ်[၁၀/မလမ(နိုင်)၁၆၈၅၈၅] ကိုင်ဆောင်သူ၏ တင်ပြလွှဲအပ်ချက်အရ မရမ်းကုန်းကျေးရွာ၊ ဆင်မကျေးရွာအုပ်စု၊ ငွေဆောင်မြို့နယ်၊ ပုသိမ်မြို့နေ ဇနီးဖြစ်သူဒေါ်လွင်မာဦး(ဘ) ဦးသိန်းလွင်၊ မှတ်ပုံတင်အမှတ် [၁၄/ငဆန(နိုင်)၀၀၉၄၅၄] ကိုင်ဆောင်သူနှင့် ၎င်း၏ ဖခင်ဦးသိန်းလွင်နှင့်တကွ အများသိစေရန် ကြေညာခြင်း** ကျွန်ုပ်၏အမှုသည်နှင့်ဇနီးဖြစ်သူတို့သည် ယနေ့အထိ တရားဝင်အကြင်လင်မယားအဖြစ်တည်ရှိနေပြီး နှစ်ဦးပိုင်အဖြစ် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်-(၃) ရပ်ကွက်၊ မြကျွန်းသာအိမ်ရာ၊ ရွှေမင်္ဂလာလမ်း၊ (၄)ခန်းတွဲ၊ (၅)ထပ်တိုက်၊ မြေကွက်အမှတ်(R-57- 58)၊ တိုက်ခန်းအမှတ်-(F-2)၊ တိုက်ခန်းအကျယ်(၁၄x၄၈)ပေအခန်းအား **ကျွန်ုပ်၏အမှုသည်**နှင့်အတူ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပိုင်ဆိုင်မှုစာချုပ်များအားလုံးကို **ဒေါ်လွင်မာဦး**၏ဖခင်ဖြစ်သူထံသို့ အပ်နှံခဲ့၍ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းပေးကမ်းခြင်းများ မပြုလုပ်ရန် တားမြစ်ပါကြောင်းနှင့် ထိုသို့ပြုလုပ်လိုပါက **ကျွန်ုပ်ထံ(သို့မဟုတ်) ကျွန်ုပ်အမှုသည်ထံ**အချိန်မီ အကြောင်းကြားပေးပါရန်နှင့် အကြောင်းကြားရန်ပျက်ကွက်ပါက လက်ခံသူ၊ ဝယ်ယူသူ၌ ဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်လာလျှင်လည်း **မိမိတို့၏** တာဝန်သာဖြစ်ပြီး၊ **ကျွန်ုပ်၏အမှုသည်မှ** တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ**
**ဒေါ်ဖြိုးပပ (L.L.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၅၇)**
**အမှတ်-၈၁၉ (အေ)၊ မုဒိတာအိမ်ရာ(၁)၊ အလည်ဗဟိုလမ်း၊ သမိုင်း(၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၉၄၁၇၉၄၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂-ဝေဘာဂီ၊ လူနေရပ်ကွက်အမှတ် ( - )၊ မြေကွက်အမှတ် - (၂၇၈/အေ)၊ မြေကွက်လိပ်စာ - အမှတ် (၂၇၈/အေ)၊ ဝေဘာဂီလမ်း၊ (၂-ဝေဘာဂီ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော (အလျား ၃၀၀ပေ / ၁၅၀ပေ + ၁၂၀ ပေ x အနံ ၇၀၀ပေ/ ၁၂၀ပေ + ၅၈၀ပေ)၊ ဧရိယာ (၄.၂၁)ဧက ရှိသော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသက်ခိုင်[၁၄/ဟသတ(နိုင်) ၀၅၉၃၅၂] အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းနှစ်(၆၀) ဂရန်မြေကွက် ဧရိယာ (၄.၂၁)ဧကအတွင်းမှ အနောက်တောင်ဘက်ခြမ်း မြေဧရိယာ (၂.၁၀၅)ဧကနှင့်တကွ မြေဧရိယာ (၂.၁၀၅)ဧက ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ရယူဝယ်ယူ ပိုင်ဆိုင်ထားသော ဦးနန္ဒာလှမြင့်[၁၃/ကလန(နိုင်)၀၅၆၂၉၆]၊ ဒေါ်သဲနိုးအိမ်[၉/မဟမ(နိုင်)၀၃၃၈၈၂] နှင့် ဦးဝင်းကိုကို [၁၄/မမန(နိုင်)၁၃၃၉၁၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် လက်ရောက်လွှဲပြောင်း အရောင်းအဝယ်ပြုလုပ်ပြီး ဝယ်ယူသူ အမည်ပေါက် ရရှိသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လွင်လွင်မော် LL.B, DBL**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၇၈၂)**
**အမှတ် (၃၅၃/က)၊ သုမန(၂)လမ်း၊ (၅) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၉၄၆၄၆၆၆၇၆၊ ၀၉-၂၆၁၇၇၇၄၂၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(၈၄/၂-က)၊ ရန်-မန်းလမ်းအနောက်ဘက်၊ လမ်းသွယ် ၁x၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်အေး [၅/မရန(နိုင်)၀၈၂၂၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(E)၊ ဦးပိုင်အမှတ်(၃၁-က)၊ ၅၆x၅၇လမ်းကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသောင်းနိုင် [၉/မရတ(နိုင်) ၁၀၄၈၃၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ သရက်တော(၁)လမ်း၊ အမှတ်(၃၂)၊ ပထမထပ်(က) ဟုခေါ်တွင်သော တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြသီတာကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလွင်ကိုကိုက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးစန်းမောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၃၇/၁၇)**
**အမှတ်(၅) သရက်တော(၁)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၈၈၄၉၈**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၅) နေ ဒေါ်အေးအေးမြင့်(ဘ)ဦးဂျော်နီ[၁၂/စခန(နိုင်) ၀၄၆၀၂၄] ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃) ရပ်ကွက်၊ ကရမက်လမ်း၊ အမှတ်-၃၂ နေ ဦးအောင်စိုးမိုး(ဘ)ဦးမောင်ဝင်း [၁၂/ ပဇတ(နိုင်)၀၂၈၂၁၉]ကိုင်ဆောင်သူထံသို့ ဆရာဦးလှဝင်း (နိုတြီပဗ္ဗလစ်) ရှေ့မှောက်တွင် (၂၀-၁၀-၂၀၂၀) ရက်နေ့တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ် လွှဲစာအမှတ်-၀၅၉/၂၀၂၀အား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်း ဦးအောင်စိုးမိုးနှင့် ပတ်သက်ဆက်စပ်၍ လုပ်ကိုင်ခဲ့သော ဦးဇင်အောင်စိုး(ဘ) ဦးစိုးမင်းတို့၏ လက်ဝယ်ရှိ အထက်ပါ လိပ်စာပါ မြေကွက်နှင့်ပတ်သက်သည့် ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၁၏ အမွေထိန်းစာလက်မှတ်(မူရင်း)၊ ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၏ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇(၂) လျှောက်ထားခွင့်ပြုမိန့်(မူရင်း)တို့နှင့် စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့် အတိအလင်း သိရှိသဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ မြေပုံကူးယူခြင်း၊ အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အစရှိသည်တို့ကို လုံးဝ(လုံးဝ) မပြုလုပ်ကြရန် တားမြစ်အပ်ပါသည်။ အကယ်၍လိုက်နာခြင်း မရှိဘဲ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ/ ပူးပေါင်းသူ မည်သူမဆို ၎င်းတို့၏တာဝန်သာဖြစ်ပြီး ၎င်းတို့အားတရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မြတ်မြတ်ဆန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၁၂)**
**အမှတ်(၉၆/၉၈)၊ အခန်း(5/B)၊ (၃၇)လမ်း၊ ဂန္ဓမာကံမြင့်ကွန်ဒိုအိမ်ရာ၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၅၅၆၈၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၁)၊ ဦးပိုင်အမှတ်(၁၇)ခဲစင်း၊ ၈၃လမ်း၊ ၂၈x၂၉လမ်းကြားရှိ မအေမာတင်၊ မခင်မေနွဲ့၊ မခင်သန်းဝေ၊ မဆွေဆွေသန်းတို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၀၆၁/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုးလွင်၏ (GP ရရှိသူ ဦးမောင်မောင်အေး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၅၀၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သော ဦးတင်ဇော်ဝင်း [၁၃/တကန (နိုင်) ၁၃၆၉၂၄]၊ ဒေါ်သက်စုဟန် [၁၃/လရန (နိုင်) ၀၇၉၉၃၉] က အမှုတွဲအမှတ်(၀၃၄၇/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျိုက်ထိုမြို့၊ တောင်ပိုင်းရပ်ကွက်၊ ကန်သာယာ(၃)လမ်းရှိ အရှေ့သို့လားသော် - လမ်းမ၊ အနောက်သို့လားသော် - ဦးဇောက်ထိုး+ဒေါ်ခင်ဌေး အိမ်ခြံ၊ တောင်သို့လားသော် - ဦးထွန်း+ဒေါ်မိုးဝါ အိမ်ခြံ၊ မြောက်သို့လားသော် - ကန်သာယာ(၃)လမ်းဟူသည့် အလားလေးရပ်တည်နေရာအတွင်းရှိ အကျယ် (၃၀ပေx၆၀ပေ) ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာခြေတံရှည်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူလက်ရှိနေထိုင်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို ရောင်းချသူ(ဘ)ဦးအုန်းမောင်၏သား ဦးဆန်းအောင် [၁၀/ကထန(နိုင်)၀၉၇၅၈၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ)ဦးတင်လှ၏သမီး ဒေါ်ဌေးကြည် (KTO–121526) က ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဌေးကြည်(ဘ)ဦးတင်လှ**
**KTO–121526**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၉၄၁၃)(၂၇-၁၁-၂၀၂၄)**
**ဘော်ကွင်းစု(၃)လမ်း၊ ကံ့ကော်ရပ်ကွက်၊**
**ကျိုက်ထိုမြို့။ ဖုန်း-၀၉ -၂၆၁၆၆၃၄၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City) အတွင်းတည်ရှိသော တိုက်အမှတ် A–5 (The Aurora Apartments)၊ အခန်းအမှတ် (၄၀၉)၊ အခန်းအမျိုးအစား (အိပ်ခန်း ၂ ခန်း)၊ အခန်းအကျယ်အဝန်း စတုရန်းပေ (၉၀၅) ရှိသည့် ကွန်ဒို တိုက်ခန်းအား Thanlyin Estate Development Ltd., ထံမှ အမည်ပေါက်ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးဥက္ကာကို [၁၂/ဗတထ(နိုင်)၀၃၇၃၃၈]နှင့် ဒေါ်အိအိချို [၁၄/ရကန(နိုင်)၁၀၉၃၂၃]တို့သည် အထက်ပါကွန်ဒိုတိုက်ခန်းကို အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသောကြောင့် ကျွန်ုပ် ဒေါ်စမ်းစမ်းတင့် [၁၂/ပဘတ(ပြု) ၀၀၀၃၃၁]သည် အထက်ပါကွန်ဒိုတိုက်ခန်းနှင့်တကွ ပါရှိသောပရိဘောဂပစ္စည်း အစုံအလင်၊ တပ်ဆင်ထားသောလျှပ်စစ်ပစ္စည်းများ၊ ကွန်ဒိုတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စမ်းစမ်းတင့်**
**ဖုန်း - ၀၉-၂၅၄၃၅၁၁၂၉**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၄-ရပ်ကွက်၊ ကွမ်းခြံ(၄)လမ်း၊ အမှတ်-၁၅/ခ နေ ဦးမော်စည်နှင့် တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၁၅ နေ ဒေါ်တင်အေးပါ-၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ် (မြေစာရင်းပုံစံ -၁၀၅ ပါ) ကွင်းအမှတ်-၄၊ ဈေးပိုင်းအမှတ်-၁၊ ကွမ်းခြံကုန်းမြို့မအုပ်စု၊ ဦးပိုင်မြေကွက်အမှတ်-၁၃၇၊ ဧရိယာ-၀.၀၈၄ ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရတနာပုံ(၁)လမ်း၊ ဈေးပိုင်းရပ် (၇ ပင်-၆ ခန်းတွဲ) ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး (၂)ထပ်အိမ်အား ဦးဘိုခွေး+ဒေါ်ကျင် တို့အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြပြီး ၎င်းတို့(၂)ဦးနှင့်အတူ သားသမီး(၆)ဦးတို့မှာ ကွယ်လွန်သွားပါသည်။ ထို့ကြောင့် ၎င်းတို့၏ ပေးရန်/ရရန်ရှိသော ကိစ္စများဆောင်ရွက်ရန်ရှိပါသဖြင့် ၎င်းတို့ပိုင်ဆိုင်သော အိမ်နှင့်မြေအား အမွေဆက်ခံခွင့်ရရှိသူများဖြစ်သည့် ဦးဘိုခွေး၏ တူ၊ တူမများဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဦးမော်စည်နှင့် ဒေါ်တင်အေးပါ-၆ တို့၏ သိရှိသဘောတူညီခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းတို့ မပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်ချို (B.A(Law),LL.B)** — **စဉ် - ၃၄၄၉ (၂၈-၁၁-၁၉၈၅)**
**ဦးနေနိုင်ဦး(LL.B,DBL, DIPL)** — **စဉ် - ၁၄၉၃၆ (၁၃-၁၁-၂၀၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် - ၇၉၉၊ ဘုရင့်နောင်လမ်း၊ မင်းပိုင်းရပ်ကွက်၊ တွံတေးမြို့နယ်။**
**ဖုန်း-၀၉ - ၄၂၀၀၇၂၅၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/၅)၊ မြေကွက်အမှတ်(၃၃)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ သရဖီလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးမောင်မောင် (ISN-၂၁၉၆၂၅) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးမောင်မောင် (ISN-၂၁၉၆၂၅)ခင်ပွန်းဖြစ်သူသည် (၂၁-၁၀-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ငွေရင် [၁၂/မရက(နိုင်)၀၉၆၂၈၂] မှ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ကွယ်လွန်သူ ခင်ပွန်းသည်နှင့် ဒေါ်ငွေရင်သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းဖြစ်သူ ဦးမောင်မောင် ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ငွေရင်မှသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်-၉၄၆၇ (၈-၉-၂၀၂၅) ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၈)၊ ညောင်လေးပင်အနောက်ကွင်း၊ ဦးပိုင်အမှတ် (၂ခ/၁)၊ မြေကွက်အမှတ် (၉၀၊ ၉၁၊ ၉၂) ဧရိယာ (၀.၀၇)ဧက အရှေ့ဘက်ကြားလမ်း အနောက်ဘက် ရန်ကုန်-မန္တလေးကားလမ်း၊ တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း၊ မြောက်ဘက် ဦးပိုင်အမှတ်(၂ခ)တို့အား မြို့မ(၄)ရပ်ကွက် ဒေါ်သန်းသန်းဌေးအမည်ဖြင့် မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ၂၀၂၅-ခုနှစ် အောက်တိုဘာလ (၁၂) ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်(၃၆)၊ မြေညီထပ်၊ တိုက်မျက်နှာမူလျှင်(ဘယ်) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို တရားဝင်လက်ရှိထား ရောင်းချခွင့်ရှိသူ ဦးသိန်းအောင် [၁၂/မဂတ(နိုင်) ၀၅၅၀၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာ [၁၂/ကတတ(နိုင်)၀၂၇၀၃၄] သည် (၃၀-၉-၂၀၂၅)ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်း အဝယ်သဘောတူစာချုပ်" ချုပ်ဆို တရားဝင်ဝယ်ယူလက်ရောက် ရရှိခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာ[၁၂/ကတတ(နိုင်) ၀၂၇၀၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာ**
**(LL.B, D.BL, D.ML, D.IL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၈/၂၀၁၂)**
**အမှတ်(၁၂)၊ (ဒုတိယထပ်/ဝဲ)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၆၁၇၂၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်-(စ-၁)၊ ဦးပိုင်အမှတ်-(၇)၊ ၁၀၇လမ်း၊ ၆၇x ၆၈ လမ်းကြားရှိ ဦးအိုက်အွန် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၀၁၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုးစိုး၏(GPရရှိသူ ဦးကျော်မင်းထွန်း)၊ ဦးတင်ဇော်အောင်၏ (GP ရရှိသူ ဦးဟန်လင်းထူး)၊ ဦးထွန်းထွန်းအောင်၏ (GP ရရှိသူ ဦးအေးမောင်)၊ ဦးအုံ့မော်မြင့်တို့ (၄)ဦးအနက် ဦးစိုးစိုးပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၀၅၆/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဦးအုံ့မော်မြင့်[၉/ပဥလ(နိုင်)၀၀၄၆၀၉]က အမှုတွဲအမှတ်(၂၈၇၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ ဝင်ဆာဂါးဒင်းအမှတ်(၅၉/၂၆)တွင် နေထိုင်သူ ဦးရဲလင်းအောင် [၁၂/မဂတ(နိုင်) ၀၉၆၄၄၇] နှင့် ဒေါ်ခိုင်ပြည့်စုံသူ (ဘ) ဦးဝင်းကို[၁၂/မဂဒ(နိုင်)၁၆၁၂၃၄] နှင့် (၂၉-၁၀-၂၀၁၆)ရက်နေ့တွင် တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး သားသမီးထွန်းကားခြင်းမရှိခဲ့ပါ။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ဆက်လက်ပေါင်းသင်းလိုသောဆန္ဒမရှိတော့ပါ၍ (၃၀-၉-၂၀၂၅) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ကွာရှင်းပြတ်စဲခြင်းမှတ်ပုံတင်စာအုပ် အမှတ်စဉ် (၂၉၉/၂၀၂၅)ဖြင့် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်အား တရားဝင်လက်မှတ်ရေးထိုးချုပ်ဆို၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ လက်ထပ်ပွားပစ္စည်းများဖြစ်သော ဦးရဲလင်းအောင်ပိုင်ဆိုင်သော ကွန်ဒို တိုက်ခန်း(၁)ခန်း၊ မော်တော်ယာဉ်(၁)စီးနှင့် ရွှေဆိုင်လုပ်ငန်းတို့ကို ဒေါ်ခိုင်ပြည့်စုံသူထံသို့ အပြီးအပိုင်လွှဲပြောင်းပေးပြီးဖြစ်ပါသဖြင့် အထက်ပါပစ္စည်းများနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဦးရဲလင်းအောင်နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲလင်းအောင်**
**[၁၂/မဂတ(နိုင်)၀၉၆၄၄၇]**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၈၆

| | | |
|---|---|---|
| ၁။ ဦးမင်းမောင်မောင် | နှင့် | ၁။ ဦးဖြိုးဝေအောင် |
| ၂။ ဒေါ်မြင့်မြင့်ဝင်း | | ၂။ ဒေါ်ခိုင်စုရည် |
| | | ၃။ ဒေါ်မြမြဝင်း |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄ / ၂) ရပ်ကွက်၊ ၄ုက်တော်လမ်း၊ အမှတ်-(၁၅၇/၁) ရပ်နေ တရားရှုံး (၁) ဦးဖြိုးဝေအောင်၊ (၂) ဒေါ်ခိုင်စုရည်၊ (၃) ဒေါ်မြမြဝင်း (ယခုနေရပ်လိပ်စာမသိသူ ) သိစေရမည်။

သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်၏ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၉-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၈)ပါ ကန့်ကွက်နိုင်ပါကြောင်း တရား လွှတ်တော်ရှေ့နေ ဒေါ်မွန်မွန်ချို+၁ ကြော်ငြာတွင် (၁)ဦးကျော်စိန် [၁၃/ကတန(နိုင်)၀၂၄၃၃၈]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၃၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၈၁x၈၂ ကြား၊ ၃၇x၃၈ လမ်းကြားရှိ ဘိုးဘ မြေကွက် အမည်ပေါက်သူ ဒေါ်ကျင်ကျိန်း(ခ)ကြိုင်ကြိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၄၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမင်းသိန်းဦး [၅/ဆလက(နိုင်)၀၆၄၂၅၅]က အမှုတွဲအမှတ် (၀၃၄၈/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(ဈ-၆)၊ ဦးပိုင်အမှတ် (၉၄-က)၊ ၁၀၉x၁၁၀ လမ်းကြား၊ ၆၁x၆၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာကြူ [၉/မနတ(နိုင်) ၀၁၅၁၇၁]၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၅၉၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမင်းဟန် [၅/မရန(နိုင်)၁၄၅၀၅၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ကွင်းအမှတ်(၂၂၇၊ ၄ုက်ပျောတောတောင်ကွင်း)၊ ဦးပိုင်အမှတ်(၂၇/၁က)မြေကွက်အမှတ် (၁၁၉၁A) ဧရိယာ(၀.၁၇)ဧက အရှေ့ဘက်မြေကွက်အမှတ် (၁၁၉၁B)၊ အနောက်ဘက် ဦးပိုင်အမှတ် (၂၇/၁)၊ တောင်ဘက် မြေကွက်အမှတ် (၁၁၉၁C) ၊မြောက်ဘက် မြေကွက်အမှတ် (၁၁၈၈)တို့အား မြို့မ(၄) ရပ်ကွက်နေ ဒေါ်သန်းဌေးပါ (၂)ဦးအမည်ဖြင့် မြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ၂၀၂၅-ခုနှစ် အောက်တိုဘာလ (၁၀)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်-(စ-၁)၊ ဦးပိုင်အမှတ်-(၉)၊ ၁၀၇လမ်း၊ ၆၇x ၆၈ လမ်းကြားရှိ ဦးအိုက်အွန် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၁၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုးစိုး ၏(GPရရှိသူ ဦးကျော်မင်းထွန်း)၊ ဦးတင်ဇော်အောင်၏ (GP ရရှိသူ ဦးဟန်လင်းထူး)၊ ဦးထွန်းထွန်းအောင် ၏ (GP ရရှိသူ ဦးအေးမောင်)၊ ဦးအုံ့မော်မြင့်တို့ (၄)ဦးအနက် ဦးစိုးစိုးပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၀၅၈/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဦးအုံ့မော်မြင့်[၉/ပဥလ(နိုင်)၀၀၄၆၀၉]က အမှုတွဲအမှတ်(၂၈၇၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် (စ-၁)၊ ဦးပိုင်အမှတ်(၈)၊ ၁၀၇ လမ်း၊ ၆၇x၆၈ လမ်းကြားရှိဦးအိုက်အွန် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၁၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးစိုးစိုး၏ (GP ရရှိသူ ဦးကျော်မင်းထွန်း)၊ ဦးတင်ဇော်အောင်၏ (GP ရရှိသူ ဦးဟန်လင်းထူး)၊ ဦးထွန်းထွန်းအောင်၏ (GP ရရှိသူ ဦးအေးမောင်)၊ ဦးအုံ့မော်မြင့်တို့ (၄)ဦးအနက် ဦးစိုးစိုးပါ(၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၀၅၇/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဦးအုံ့မော်မြင့် [၉/ပဥလ(နိုင်)၀၀၄၆၀၉]က အမှုတွဲအမှတ်(၂၈၇၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်-သန်လျင်ရတနာအိမ်ရာ၊ မြေကွက်အမှတ်(၁၄၁)၊ မြေဧရိယာအလျား(၁၀၀)ပေ၊ အနံ(၇၉.၆)ပေရှိ မြေငှားစာချုပ်အမှတ်(HA–006105)၊ အမှုတွဲအမှတ်-သလ(စီမံကိန်း) သန်လျင်ရတနာ/၅၈၈/၂၀၂၃ ဒေါ်အေးသန်းအမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်အမှတ်(၁၄၂)၊ မြေဧရိယာအလျား(၁၀၀)ပေ၊ အနံ(၇၉.၆)ပေရှိ မြေငှားစာချုပ်အမှတ်(HA–006106)၊ အမှုတွဲအမှတ်-သလ (စီမံကိန်း) သန်လျင်ရတနာ/၅၈၉/၂၀၂၃ ဒေါ်အေးသန်းအမည်ပေါက် ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်အေးသန်း (ဘ)ဦးစံရီ [၁၂/လမန(နိုင်)၀၅၃၇၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း (ဘ)ဦးယောင်ကိုရွှန်(ခ)မောင်မောင် [၁၂/ကတတ(နိုင်)၀၀၀၅၅၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောဂရန်စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)လမ်း၊ အမှတ်-၂၉/၃၁၊ ရွှေလီကွန်ဒိုရှိ အခန်းအမှတ်-4 - A+B၊ တစ်ခန်းလျှင် (၂၅ ပေ x ၅၀ ပေ) ရှိ နှစ်ခန်းတွဲ အခန်း(၄)ခန်းပါ တိုက်ခန်း(၂)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (ရေ၊ မီးအစုံပါဝင်ပါသည်။)**တို့ကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်ဥမ္မာအေး (ဘ) ဦးတင်အေး** [၁၂/လမတ(နိုင်)၀၀၂၂၈၁]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်မာသည့်အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးမောင်မောင်သန်း** | **ဦးသိန်းနိုင်** | **ဒေါ်ချိုချိုခိုင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၀၈၂)** | **(စဉ်-၁၄၀၅၃)** | **(စဉ်-၁၀၇၁၅)** |

**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ ဘုရားငုတ်တိုကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၁၁၁၊ ကွင်းအမည်-ထန်းပင်ရိုးကွင်း၊ ဦးပိုင်အမှတ်- ၄/၈၊ မြေအမျိုးအစား RH ဖြစ်ပြီး၊ ဧရိယာဧက(၀.၀၈)ပေ၊ အကျယ်အဝန်း အလျား ၄၀' x အနံ ၁၃၀' ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို လက်ဝယ်ထားရှိဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဦးခင်မောင်စိုး (ဘ) ဦးဟာဘောစ်အာမောက်** [၁၂/ဗတထ(နိုင်)၀၄၆၉၇၃]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်မာသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးမောင်မောင်သန်း** | **ဦးသိန်းနိုင်** | **ဒေါ်ချိုချိုခိုင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၀၈၂)** | **(စဉ်-၁၄၀၅၃)** | **(စဉ်-၁၀၇၁၅)** |

**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## ဝန်ထမ်းလျှောက်လွှာနောက်ဆုံးလျှောက်ထားရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း
### ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
### (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၄၀) နေရာ၊ ရုံးအကူ (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (၃)နေရာ၊ စုစုပေါင်းအမှုထမ်း (၄၃)နေရာအတွက် အရည်အချင်းကိုက်ညီသူများ ၁၅-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း ၁-၉-၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ရာ နောက်ဆုံးထားလျှောက်ထားရန် သတ်မှတ်သည့်ရက် ၁၅-၁၀-၂၀၂၅ ရက်နေ့အစား ၁၅-၁၁-၂၀၂၅ ရက်နေ့အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်ပြီး အရည်အချင်းစစ်စာမေးပွဲအား အောက်ဖော်ပြပါအတိုင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **အငယ်တန်းစာရေးရာထူး**

(၁) ၂၂-၁၁-၂၀၂၅ ရက်နေ့၊ နံနက် ၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ အထွေထွေဗဟုသုတမေးခွန်းလွှာ၊
မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိအင်္ဂလိပ်စာမေးခွန်းလွှာ၊

(၂) ၂၃-၁၁-၂၀၂၅ ရက်နေ့၊ နံနက် ၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိကွန်ပျူတာ စစ်ဆေးခြင်း၊
မွန်းတည့် ၁၂:၀၀ နာရီမှ ၁၆:၃၀ နာရီအထိ လူတွေ့ (နှုတ်ဖြေ) စစ်ဆေးခြင်း၊

(ခ) **ရုံးအကူရာထူး**

(၁) ၂၃-၁၁-၂၀၂၅ ရက်နေ့၊ နံနက် ၉:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့ (နှုတ်ဖြေ) စစ်ဆေးခြင်း၊

၂။ အသေးစိတ်သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၅၁)၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/စက်မှုဇုန်/အထူးစီးပွားရေးဇုန်၊ မြို့နယ်ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၃၀၃၉၂ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**အလုပ်သမားဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်မြေကွက်အမှတ်-ရွှေ/ သာ/ ၄၇/ ၆၇၄(က)၊ အကျယ်အဝန်း ပေ(၂၀ x ၆၀) တွင်ရှိသော အိမ်နှင့်ခြံမြေအား တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဦးလှသက်မောင် [၁၂/ဒဂန(နိုင်)၀၂၉၄၃၂]ကိုင်ဆောင်သူထံမှ တစ်ဆင့် ဦးမျိုးသန့်၊ ဦးမျိုးသန့်ထံမှ ဦးစိန်လွင်၊ ဦးစိန်လွင်ထံမှ ဦးချစ်ကို [၁၄/မအပ(နိုင်)၂၈၄၀၈၆]ကိုင်ဆောင်သူတို့မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသောမြေအား ဦးချစ်ကို၏ဇနီးမဇင်မာခိုင် [၁၄/မအပ(နိုင်)၂၉၄၀၈၁]ထံမှ ဦးလှသက်မောင်အမည်ပေါက် ပါမစ်စာရွက်ထွက်ရှိထားသော စာရွက်စာတမ်းမူရင်းနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထက်နိုင် [၁၄/ပစလ(နိုင်)၀၁၇၀၇၆]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ရာ ယခုအချိန်တွင် ထိုဝယ်ယူထားသော ခြံမြေပေါ်၌ လူနေထိုင်ရန်အတွက် အဆောက်အဦ ပြင်ဆင်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကျွန်ုပ်မိတ်ဆွေဝယ်ယူထားရှိသော အိမ်ခြံမြေအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက လူနေထိုင်ရန်အတွက် အဆောက်အဦပြင်ဆင်ဆောက်လုပ်မည်ဖြစ်ပါကြောင်းနှင့် တရားဝင်ပိုင်ဆိုင်မှုဖြစ်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ထက်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းထွန်းလတ် (LLB)**
**အထက်တန်းရှေ့နေ(စဉ်- ၅၃၄၂၈)**
**အမှတ်(၁၁၆)၊ စက်မှု(၇)လမ်းနှင့်ချယ်ရီလမ်းထောင့်၊ အမှတ်(၁)ရပ်ကွက်၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၆၆၆၇၇၈၃၈၃**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၄/C (ဒညင်းကုန်း)၊ မြေကွက်အမှတ်-၆၅/က၊ ဧရိယာ-(၀.၀၉)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၃/၁)၊ အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်၊ ဗိုလ်ကြီးစောလှဖြူ [၁၂/အစန(နိုင်)၀၇၄၁၄၁]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဗိုလ်ကြီးစောလှဖြူ (ဖခင်)သည် (၁၉-၇-၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သာနု (မိခင်) သည် (၅-၉-၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြသဖြင့် (၁)ဒေါ်မဥ္ဇူ[၁၂/ကမရ(နိုင်)၀၂၃၆၂၀]၊ (၂)ဦးဇင်အောင်ဖြူ[၁၂/အစန(နိုင်)၀၇၀၇၈၂]၊ (၃)ဦးနိုင်သိန်းဖြူ [၁၂/အစန(နိုင်)၀၇၄၁၄၃]၊ (၄)ဒေါ်မေသောင်းဖြူ[၁၂/အစန(နိုင်)၀၇၄၁၄၄] တို့မှ မိဘများတွင် သားသမီးအရင်းများအဖြစ် (၁)ဒေါ်မဥ္ဇူ၊ (၂)ဦးဇင်အောင်ဖြူ၊ (၃)ဦးနိုင်သိန်းဖြူ၊ (၄)ဒေါ်မေသောင်းဖြူ၊ (၅)ဒေါ်အေးအေးဖြူဟူ၍ သားသမီး(၅)ဦးကိုမွေးဖွားခဲ့ပါကြောင်း၊ အခြားအမွေစားအမွေခံ ကိတ္တိမသားသမီးအဖြစ် မွေးစားထားခြင်းမရှိပါကြောင်း၊ ၎င်းတို့(၅)ဦးအနက် ဒေါ်အေးအေးဖြူသည် (၉-၅-၂၀၂၃)ရက်နေ့တွင် အပျိုကြီး(ဘ၀)ဖြင့်လည်းကောင်း၊ ကိတ္တိမမွေးစားသားသမီးမွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့ပါကြောင်း၊ ကွယ်လွန်သူများနှင့် ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ မိဘများကွယ်လွန်သွားကြပြီးနောက် ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းတို့(၄)ဦးမှသာ အမွေဆက်ခံခြင်းဆိုင်ရာ ဓလေ့ထုံးထမ်းဥပဒေများနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့(၄)ဦးမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဗဟိုဆေးသိုလှောင်ရုံ(ရန်ကုန်)နှင့် နေပြည်တော်ဆေးသိုလှောင်ရုံတို့မှ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများအား တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအားသတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.8.Transport (2nd )(2025-2026) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၁၄ - ၁၀ -၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၂၃ - ၁၀-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်) ရပ်ကွက်၊ မာန်ပြေ(၁)လမ်းအရှေ့၊ အမှတ်(၇၇၆)ဟုခေါ်တွင်သောတိုက်၏ တတိယထပ် (ခေါင်းရင်းခြမ်း)အခန်း၊ အကျယ်အဝန်း (၁၇ ပေx၅၄ ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ ပိုင်ဆိုင်အကျိုးခံစားခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ချိုချိုပြုံး [၁၂/ရကန(နိုင်)၀၅၈၉၅၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်မည့်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း (မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်နေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုလှိုင်ထွေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၅၃)**
**အခန်း (၁)၊ မြေညီထပ်၊ အမှတ်-၄၈/၅၀၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၁၅၃၄၁၄၊ ၀၉-၄၂၁၀၂၉၇၁၀**

## မသက်ဆိုင်တော့ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၄) ရပ်ကွက်၊ စိန်ပန်းပတ်လမ်း၊ အိမ်အမှတ်(၁၃)နေ အဖ (ဦးဖေသန်း)၏ သား ကိုနေဇော်ထွေး[၁၀/မလမ(နိုင်)၂၁၆၁၁၅]နှင့် အဖဦးဇော်မင်း၏ သမီး ကျွန်မ မမေစိုးမိုးသူ [၁၄/မမက(နိုင်)၁၉၁၁၆၂]တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါ၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြရန် နှစ်ဦးသဘောတူညီမှုဖြင့် (၄-၁၀-၂၀၂၅)ရက်နေ့က မော်လမြိုင်ကျွန်းမြို့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် နှစ်ဦးသဘောတူ ကတိစာချုပ် ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသောကြောင့် ကိုနေဇော်ထွေးနှင့် ကျွန်မ မမေစိုးမိုးသူတို့မှာ မသက်ဆိုင်တော့ပါကြောင်းနှင့် ကိုနေဇော်ထွေးနှင့် ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်မ မမေစိုးမိုးသူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မမေစိုးမိုးသူ**
**ဖုန်း-၀၉-၂၅၃၀၁၃၂၀၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ပင်းယ(၁)လမ်း၊ အမှတ်(၁၁၉၈) နေ ဒေါ်ချိုချိုမာ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုမာ [၁၄/လပတ(နိုင်)၀၉၈၈၄၃]နှင့် ဦးဆွေမင်း [၁၄/လပတ(နိုင်)၀၉၁၃၈၇]တို့သည် (၈-၁၀-၂၀၂၅)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲသည့်ကတိစာချုပ်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသောကြောင့် ကွာရှင်းပြတ်စဲသည့်နေ့မှစ၍ ဦးဆွေမင်းနှင့် မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် တစ်ဦး၏ကိုယ်ရေးကိုယ်တာကို တစ်ဦးမှ နှောင့်ယှက်စွက်ဖက်ခွင့် မရှိတော့ကြောင်းနှင့် ဦးဆွေမင်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းကိစ္စများသည် မိမိနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှသီ B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၆)**
**ဖုန်း-၀၉-၄၃၀၇၂၄၄၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်-(ဏ-၉)၊ ဦးပိုင်အမှတ်-(၃၁-ခ)ခဲစင်း၊ ၅၉(B)လမ်း၊ ၁၀၅ x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဟန်ထံမှ အပေးစာချုပ်အမှတ်(၂၂၉၈/၂၀၀၆) ဖြင့် လက်ခံခဲ့သော ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ကောင်းဆက်တို့၏ (SP ရရှိသူ ဒေါ်အေးမြတ်နွယ်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၀၃/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သက်သက်မာထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၁၈၉/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းညွန့်[၁/မကန(နိုင်)၁၀၈၅၄၆]က အမှုတွဲအမှတ်(၂၈၅၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## ပျောက်ဆုံးကြောင်း

မလင်းလင်း(ခ)အေးချမ်းမြေ့ (ဘ) ဦးစန်းမြင့် [၁၂/ဥကမ(နိုင်)၂၁၅၄၆၅] ကိုင်ဆောင်သူ၏ မှတ်ပုံတင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၆၃၉၁၄၁၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (C) ရပ်ကွက်၊ အကွက်အမှတ်-(ညည-၆)၊ ဦးပိုင်အမှတ်-(၁၃)၊ ၆၀ (A)x ၆၀(B)ကြား၊ ၁၂၁x၁၂၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးခိုင်[၁၂/မဂတ(နိုင်)၀၆၆၃၈၈] က အမှုတွဲအမှတ် (၂၈၆၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်-(၄)၊ ဦးပိုင်အမှတ်-(၉၀)၊ ၁၁၁(F)လမ်း၊ ၅၀x၅၁ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းနိုင်၏(GPရရှိသူ ဒေါ်ဝင်းကြည်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၃၁၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ငြိမ်းငြိမ်းအိ [၉/ခမစ(နိုင်)၀၁၁၇၄၄]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၈၆၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်-(ဇဇ-၂၆)၊ ဦးပိုင်အမှတ်-(၈၈)၊ ၁၁၀ လမ်းနှင့် ၅၃ လမ်းထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိုးမြင့်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၇၄၀/၂၀၂၁)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်မာမာအေး၏ (GP ရရှိသူ ဦးဆန်းဝင်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၉၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်လင်း [၉/ပဘန(နိုင်)၁၅၆၄၄၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၈၅၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ ကျောင်းလမ်း၊ မြေကွက်အမှတ် (၅၂၂/က)၊ နှစ်(၆၀) မြေငှားဂရန်၊ မြေအကျယ် (၂၁ပေx၆၀ပေ)၊ စတုရန်းပေ (၁၂၆၀)ပေရှိ မြေကွက်ပေါ်တွင် မြေရှင်ဒေါ်စံပယ်ဝင်းရွှေ BHN - ၀၁၁၆၀၇နှင့် ဦးမောင်အေးကြူ [၁၀/ပမန(နိုင်)၀၅၀၇၉၆]တို့ ကန်ထရိုက်တိုက် (၅)ထပ်ဆောက်လုပ်မှုအရ ဦးမောင်အေးကြူ [၁၀/ပမန(နိုင်)၀၅၀၇၉၆]ရရှိသော တိုက်ခန်း (၃)လွှာ (၂၀ပေx၆၀ပေ)ရှိ တိုက်ခန်းအား ဦးမောင်အေးကြူမှ ပိုင်ဆိုင်လာပြီး ဦးမောင်အေးကြူမှတစ်ဆင့် ဒေါ်ဝင်းသန္တာထွေး[၁၂/မဂဒ(နိုင်)၁၃၄၈၁၅]အား တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်၍ လက်ရှိလက်ရောက်ရယူပိုင်ဆိုင်လာသည်မှာ (၆)နှစ်ကျော်ခန့် စီမံခန့်ခွဲပိုင်ဆိုင်လျက်ရှိပြီး ပိုင်ဆိုင်ခွင့် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ မိမိသည် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ကြောင်းနှင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်ဝင်းသန္တာထွေးမှ ရောင်းချလိုကြောင်း စကားကမ်းလှမ်းချက်ကို သဘောတူညီကြသည့်အလျောက် တိုက်ခန်းဝယ်ယူမည့်သူ ဦးတင်အောင် [၁၂/ရပသ(နိုင်)၀၁၀၃၄၂]မှ တိုက်ခန်းရောင်းချ မည့်သူ ဒေါ်ဝင်းသန္တာထွေးအား စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ တစ်စုံတစ်ဦးအဖြစ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**စရန်ပေးဝယ်ယူသူ**
**ဦးတင်အောင်**
**၀၉-၂၅၀၀၁၈၅၁၉၊ ၀၉-၇၉၈၉၁၀၀၆၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂- F)၊ မြေကွက်အမှတ် (၁၇)၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေကွက်တည်နေရာအမှတ် (၈၀)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး(မြောက်)ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးမူဟာမက်အီဆုပ် [၁၂/မဂတ(နိုင်)၀၈၀၂၂၀]၊ ဒေါ်အိစ်မော်တာရာဘေဂေါမ် [၁၂/မဂတ(နိုင်)၀၈၀၂၂၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဗိုလ်တထောင်ခရိုင်တရားရုံးတော်၊ တရားမအထွေထွေမှုအမှတ် (၆၁/၂၀၂၃) ဖြင့် လျှောက်ထားသူ ဦးခင်မောင်ဦးက ကွယ်လွန်သူဖခင် ဦးမူဟာမက်အီဆုပ်၏ ကျန်ရစ်သောအမွေပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ-၂၁၈ အရ အမွေထိန်းလက်မှတ်စာလျှောက်ထားခြင်းအပေါ် အမိန့်ချမှတ်သည့် (၂၀-၃-၂၀၂၄)ရက်စွဲပါ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဗိုလ်တထောင်ခရိုင်တရားရုံးတော်၏ (၂၂-၄-၂၀၂၄) ရက်စွဲပါ အမွေထိန်းလက်မှတ်စာ၊ ဗိုလ်တထောင်တရားရုံးတော် တရားမအထွေထွေမှုအမှတ်-၁၉/၂၀၂၄ ဖြင့် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇ အရ အမွေပစ္စည်းများကို စီမံခန့်ခွဲခွင့်ပြုသည့် အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းအပေါ် စီမံခန့်ခွဲပိုင်ခွင့်အဝဝကို ဆောင်ရွက်ခွင့်ပြုကြောင်း အမိန့်ချမှတ်သည့် (၂၈-၆-၂၀၂၄) ရက်စွဲပါ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်တို့အရ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဦးခင်မောင်ဦး [၁၂/မဂတ(နိုင်)၀၈၀၂၂၄]နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အိစ်မော်တာရာဘေဂေါမ် [၁၂/မဂတ(နိုင်)၀၈၀၂၂၁]တို့မှ တရားရုံးအမိန့်များ၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့အား တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ မိမိတို့၏ မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့် အစီအမံများ ချမှတ်နိုင်ရန်လို...
❖ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသောနယ်ပယ် အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်...
❖ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့် ကမ္ဘာ့အစီအစဉ်သစ် ( New World Order)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ ကျောင်းအပ်ဆက်လက် လက်ခံ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၉

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံတော်၏ ပုခုံးပြောင်းတာဝန်ကို ထမ်းဆောင်ကြရမည့် ကျောင်းနေအရွယ် အနာဂတ်ရင်သွေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက်မှစတင်၍ ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✪



ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံစဉ်။

# အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ်နဲ့ အက်သလက်တီကိုမက်ဒရစ်တို့ ဂိုးပြတ်နိုင်ပွဲများရရှိ

အောက်တိုဘာ ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရီးယဲလ်မက်ဒရစ်အမျိုးသမီးအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းတို့ဟာ ဂိုးပြတ်နိုင်ပွဲတွေရရှိခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အမျိုးသမီးအသင်းဟာ အမျိုးသမီးချိန်ပီယံလိဂ်ပွဲစဉ်အဖြစ် ရိုးမားအမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အမျိုးသမီးအသင်းက ခြောက်ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အမျိုးသမီးအသင်းအတွက် သွင်းဂိုးတွေကို ရီဒန်ဒိုက နှစ်ဂိုး၊ ဝီယာက တစ်ဂိုး၊ လက်ခ်ရာက တစ်ဂိုးနဲ့ နာဗာရိုက တစ်ဂိုးအသီးသီး သွင်းယူပေးခဲ့တာဖြစ်ပြီး စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ○



ရီးယဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့် ရိုးမားအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# Professional and Amateur ဘိလိယက်လက်ရည်စမ်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၌ ဘိလိယက်အားကစားနည်းဖြင့် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သည့် အားကစားသမားများနှင့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘိလိယက်အားကစားသမား သုံးဦး ယှဉ်ပြိုင်သည့် Professional and Amateur ဘိလိယက်လက်ရည်စမ်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန် စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ❖



## ယနေ့ ဖတ်စရာ

(၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနား ကျင်းပ စာမျက်နှာ » ၇

မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက် စာမျက်နှာ » ၉

ငြိမ်းချမ်းရေးအထင်ကရ NCA နှင့်အတူ ယုံကြည်နားလည်မှုများဖြင့် ရှေ့ဆက်မြဲရှေ့ဆက်နေမည် ဆောင်းပါး စာမျက်နှာ » ၁၀